# အဘိဓမ္မပိဋက

# ဝိဘင်္ဂပါဠိတော်

## မြန်မာပြန်

------

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁၈ - ဓမ္မဟဒယဝိဘင်္ဂ

## (တရားနှလုံးတို့ကို ဝေဖန်၍ ပြသော ဝိဘင်း)

**၁ - သဗ္ဗသင်္ဂါဟိကဝါရ** (တရားအားလုံးတို့ကို သိမ်းကျုံးယူသောဝါရ)

**တရား ၁၂-မျိုး အမေး**

**တရား ၁၂-မျိုး အဖြေ**

| | |
|---|---|
| (၁) ခန္ဓာ ၅-ပါး | (၇) အာဟာရ ၄-ပါး |
| (၂) အာယတန ၁၂-ပါး | (၈) ဖဿ ၇-ပါး |
| (၃) ဓာတ် ၁၈-ပါး | (၉) ဝေဒနာ ၇-ပါး |
| (၄) သစ္စာ ၄-ပါး | (၁၀) သညာ ၇-ပါး |
| (၅) ဣန္ဒြေ ၂၂-ပါး | (၁၁) စေတနာ ၇-ပါး |
| (၆) ဟိတ် ၉-ပါး | (၁၂) စိတ် ၇-ပါး |

**၂ - ဥပ္ပတ္တာနုပ္ပတ္တိဝါရ** (တရားတို့၏ ဖြစ်ခြင်း မဖြစ်ခြင်းကို ပြဆိုခြင်း)

**၁ - ကာမဓာတ်တရားများ**

**အမေးပုစ္ဆာ**

**အဖြေဝိသဇ္ဇနာ**

| | |
|---|---|
| (၁) ခန္ဓာ ၅-ပါး | (၇) အာဟာရ လေးပါး |
| (၂) အာယတန ၁၂-ပါး | (၈) ဖဿ ခုနစ်ပါး |
| (၃) ဓာတ် ၁၈-ပါး | (၉) ဝေဒနာ ခုနစ်ပါး |
| (၄) သစ္စာ ၃-ပါး | (၁၀) သညာ ခုနစ်ပါး |
| (၅) ဣန္ဒြေ ၂၂-ပါး | (၁၁) စေတနာ ခုနစ်ပါး |
| (၆) ဟိတ် ၉-ပါး | (၁၂) စိတ် ၇-ပါး |

# ၁၈ - ဓမ္မဟာဒယဝိဘင်္ဂ

## ၂ - ရူပဓာတ်တရားများ

အမေးပုစ္ဆာ

အဖြေဝိသဇ္ဇနာ

(၁) ခန္ဓာ ၅-ပါး
(၂) အာယတန ၆-ပါး
(၃) ဓာတ် ၉-ပါး
(၄) သစ္စာ ၃-ပါး
(၅) ဣန္ဒြေ ၁၄-ပါး
(၆) ဟိတ် ၈-ပါး
(၇) အာဟာရ ၃-ပါး
(၈) ဖဿ ၄-ပါး
(၉-၁၂) ဝေဒနာ ၄-ပါး စသည်

## ၃ - အရူပဓာတ်တရားများ

အမေးပုစ္ဆာ

အဖြေဝိသဇ္ဇနာ

(၁) ခန္ဓာ ၄-ပါး
(၂) အာယတန ၂-ပါး
(၃) ဓာတ် ၂-ပါး
(၄) သစ္စာ ၃-ပါး
(၅) ဣန္ဒြေ ၁၁-ပါး
(၆) ဟိတ် ၈-ပါး
(၇) အာဟာရ ၃-ပါး
(၈) ဖဿ ၁-ပါး
(၉-၁၂) ခံစားမှု ဝေဒနာ စသည်

## ၄ - ဓာတ်သုံးပါး၌ အကျုံးမဝင်သော (လောကုတ္တရာ) တရားများ

အမေးပုစ္ဆာ

အဖြေဝိသဇ္ဇနာ

(၁) ခန္ဓာ ၄-ပါး
(၂) အာယတန ၂-ပါး
(၃) ဓာတ် ၂-ပါး
(၄) သစ္စာ ၂-ပါး
(၅) ဣန္ဒြေ ၁၂-ပါး
(၆) ဟိတ် ၆-ပါး
(၇) အာဟာရ ၃-ပါး
(၈) ဖဿ ၁-ပါး
(၉-၁၂) ဝေဒနာ ၁-ပါး စသည်

## ၁၈ - ဓမ္မဟာဒယဝိဘင်္ဂ

၃ - **ပရိယာပန္နာပရိယာပန္နဝါရ** (ဓာတ်သုံးပါး၌ အကျုံးဝင်, မဝင်သောတရားတို့ကို ပြဆိုသော ဝါရ)

၁ - **ကာမဓာတ်တရားများ**

**အမေးပုစ္ဆာ**

**အဖြေဝိသဇ္ဇနာ**

(၁) ခန္ဓာ ငါးပါး

(၂) အာယတန ၁၂-ပါး

(၃) ဓာတ် ၁၈-ပါး

(၄) သစ္စာ ၄-ပါး

(၅) ဣန္ဒြေ ၂၂-ပါး

(၆) ဟိတ် ၆-ပါး

(၇) အာဟာရ ၄-ပါး

(၈) ဖဿ ၆-ပါး

(၉-၁၂) ဝေဒနာ ၆-ပါး စသည်

၂ - **ရူပဓာတ်တရားများ**

**အမေးပုစ္ဆာ**

**အဖြေ ဝိသဇ္ဇနာ**

(၁) ခန္ဓာ ၅-ပါး

(၂) အာယတန ၁၂-ပါး

(၃) ဓာတ် ၁၈-ပါး

(၄) သစ္စာ ၄-ပါး

(၅) ဣန္ဒြေ ၂၂-ပါး

(၆) ဟိတ် ၉-ပါး

(၇) အာဟာရ ၄-ပါး

(၈) ဖဿ ၇-ပါး

(၉-၁၂) ဝေဒနာ စသည်

၃ - **အရူပဓာတ်တရားများ**

**အမေးပုစ္ဆာ**

**အဖြေဝိသဇ္ဇနာ**

(၁) ခန္ဓာ ၅-ပါး

(၂) အာယတန ၁၂-ပါး

(၃) ဓာတ် ၁၈-ပါး

(၄) သစ္စာ ၄-ပါး

(၅) ဣန္ဒြေ ၂၂-ပါး

(၆) ဟိတ် ၉-ပါး

(၇) အာဟာရ ၄-ပါး

(၈) ဖဿ ၇-ပါး

(၉-၁၂) ဝေဒနာ စသည်

# ၁၈ - ဓမ္မဟာဒယပိဘာင်

## ၄ - ဓမ္မဒဿနဝါရ (တရားတို့ကို ညွှန်ပြရာဖြစ်သော ဝါရ)

### ၁ - ကာမဓာတ်တရားများ

**အမေးပုစ္ဆာ**

**အဖြေဝိသဇ္ဇနာ**

| | |
|---|---|
| (၁) ခန္ဓာ | (၇) အာဟာရ |
| (၂) အာယတန | (၈) ဖဿ |
| (၃) ဓာတ် | (၉) ဝေဒနာ |
| (၄) သစ္စာ | (၁၀) သညာ |
| (၅) ဣန္ဒြေ | (၁၁) စေတနာ |
| (၆) ဟိတ် | (၁၂) စိတ် |

**အကျယ်ဖွင့်ပြခြင်း**

| | |
|---|---|
| (၁) ခန္ဓာတရား | (၆) ဟိတ်တရားများ |
| (၂) အာယတနတရားများ | (၇) အာဟာရတရားများ |
| (၃) ဓာတ်တရားများ | (၈) ဖဿတရားများ |
| (၄) သစ္စာတရား | (၉-၁၂) ဝေဒနာစသည့် တရားများ |
| (၅) ဣန္ဒြေတရားများ | |

### ၂ - ရူပဓာတ်တရားများ

**အမေးပုစ္ဆာ**

**အဖြေဝိသဇ္ဇနာ အကျဉ်း**

**အဖြေဝိသဇ္ဇနာ အကျယ်ဖွင့်ပြခြင်း**

| | |
|---|---|
| (၁) ခန္ဓာတရားများ | (၆) ဟိတ်တရားများ |
| (၂) အာယတနတရားများ | (၇) အာဟာရတရားများ |
| (၃) ဓာတ်တရားများ | (၈) ဖဿတရား |
| (၄) သစ္စာတရား | (၉-၁၂) ဝေဒနာတရားစသည် |
| (၅) ဣန္ဒြေတရားများ | |

### ၃ - အသညသတ်ပြဟ္မာ

**အမေးပုစ္ဆာ**

**အဖြေဝိသဇ္ဇနာ**

# ၁၈ - ဓမ္မဟာဒယဝိဘင်္ဂ

၄ - အရူပဓာတ်တရားများ

အမေးပုစ္ဆာ

အဖြေဝိသဇ္ဇနာအကျဉ်း

အဖြေဝိသဇ္ဇနာအကျယ် ဖွင့်ပြခြင်း

(၁) ခန္ဓာတရား

(၂) အာယတနတရား

(၃) ဓာတ်တရား

(၄) သစ္စာတရား

(၅) ဣန္ဒြေတရား

(၆) ဟိတ်တရား

(၇) အာဟာရတရား

(၈) ဖဿတရား

(၉-၁၂) ဝေဒနာတရား စသည်

၅ - **ဘူမန္တရဒဿနဝါရ အကျဉ်းပြခြင်း** (ဘုံအပိုင်းအခြားကို ပြသော ဝါရ)

၆ - **ဥပ္ပါဒကကမ္မ အာယုပ္ပမာဏဝါရ** (ဖြစ်ကြောင်းကံနှင့် အသက်အပိုင်းအခြားကို ပြသောဝါရ)

၁ - **ဥပ္ပါဒကကမ္မ** (အကြောင်းကံကို ပြဆိုခြင်း)

၂ - **အာယုပ္ပမာဏ** (အသက်အပိုင်းအခြားကို ပြဆိုခြင်း)

(၁) လူ့သက်တမ်း

(၂) စာတုမဟာရာဇ်နတ်သက်

(၃) တာဝတိံသာနတ်သက်

(၄) ယာမာနတ်သက်

(၅) တုသိတာနတ်သက်

(၆) နိမ္မာနရတိနတ်သက်

(၇) ပရနိမ္မိတဝသဝတ္တီနတ်သက်

ရူပ အရူပဗြဟ္မာတို့၏ ကံနှင့် သက်တမ်း

ပဌမဈာန်အကျိုးပေးရာ (၃) ဘုံနှင့် သက်တမ်း

(၁) ဗြဟ္မပါရိသဇ္ဇာ

(၂) ဗြဟ္မပုရောဟိတာ

(၃) မဟာဗြဟ္မာ

## ၁၈ - ဓမ္မဟဒယဝိဘင်္ဂ

ဒုတိယစျာန်အကျိုးပေးရာ (၃) ဘုံနှင့် သက်တမ်း

(၄) ပရိတ္တာဘာ

(၅) အပ္ပမာဏာဘာ

(၆) အာဘဿရာ

တတိယစျာန်အကျိုးပေးရာ (၃) ဘုံနှင့် သက်တမ်း

(၇) ပရိတ္တသုဘာ

(၈) အပ္ပမာဏသုဘာ

(၉) သုဘကိဏှာ

စတုတ္ထစျာန်အကျိုးပေးရာ (၁၁) ဘုံ

ရူပစတုတ္ထစျာန် ၇-ဘုံ

အရူပစတုတ္ထစျာန် ၄-ဘုံ

စတုတ္ထစျာန်ပြဟ္မာ (၁၁) မျိုးတို့၏ သက်တမ်း

၇ - **အဘိညေယျာဒိဝါရ** (ထိုးထွင်း၍ သိအပ်သောတရား စသည်တို့ကို ပြဆိုသောဝါရ)

**အမေးပုစ္ဆာ**

**အဖြေဝိသဇ္ဇနာ**

(၁) ခန္ဓာတရား

(၂) အာယတနတရား

(၃) ဓာတ်တရား

(၄) သစ္စာတရား

(၅) ဣန္ဒြေတရား

(၆) ဟိတ်တရား

(၇) အာဟာရတရား

(၈) ဖဿတရား

(၉-၁၂) ဝေဒနာတရား စသည်

# ၁၈ - ဓမ္မဟဒယဝိဘင်္ဂ

**၈ - သာရမ္မဏာ နာရမ္မဏဝါရ** (အာရုံပြုမှု မပြုမှုကို ပြဆိုသောဝါရ)

**အမေးပုစ္ဆာ**

**အဖြေဝိသဇ္ဇနာ**

(၁) ခန္ဓာတရား
(၂) အာယတနတရား
(၃) ဓာတ်တရား
(၄) သစ္စာတရား
(၅) ဣန္ဒြေတရား
(၆) ဟိတ်တရား
(၇) အာဟာရတရား
(၈-၁၂) ဖဿတရား စသည်

(၁) ခန္ဓာတရား
(၂) အာယတနတရား
(၃) ဓာတ်တရား
(၄) သစ္စာတရား
(၅) ဣန္ဒြေတရား
(၆) ဟိတ်တရား
(၇) အာဟာရတရား
(၈) ဖဿတရား
(၉-၁၂) ဝေဒနာ စသည့် တရားများ

**၉ - ဒိဋ္ဌသုတာဒိဒဿနဝါရ** (မြင်မှု ကြားမှု စသည်တို့ကို ပြဆိုသောဝါရ)

**အမေးပုစ္ဆာ**

**အဖြေဝိသဇ္ဇနာ**

(၁) ခန္ဓာတရား
(၂) အာယတနတရား
(၃) ဓာတ်တရား
(၄) သစ္စာတရား
(၅) ဣန္ဒြေတရား
(၆) ဟိတ်တရား
(၇) အာဟာရတရား
(၈) ဖဿတရား
(၉-၁၂) ဝေဒနာ စသည့် တရားများ

# ၁၈ - ဓမ္မဟာဒယပိဘာင်

**၁၀ - တိကာဒိဒသသနဝါရ** (တိက်စသည်ဖြင့် ပြဆိုသောဝါရ)

၁ - ကုသလတိက်

အမေးပုစ္ဆာ

အဖြေဝိသဇ္ဇနာ

(၁) ခန္ဓာတရား
(၂) အာယတနတရား
(၃) ဓာတ်တရား
(၄) သစ္စာတရား
(၅) ဣန္ဒြေတရား
(၆) ဟိတ်တရား
(၇) အာဟာရတရား
(၈) ဖဿတရား
(၉-၁၂) ဝေဒနာ စသော တရားများ

၂ - ဝေဒနာတိက်

အမေးပုစ္ဆာ

အဖြေဝိသဇ္ဇနာ

(၁) ခန္ဓာတရား
(၂) အာယတနတရား
(၃) ဓာတ်တရား
(၄) သစ္စာတရား
(၅) ဣန္ဒြေတရား
(၆) ဟိတ်တရား
(၇) အာဟာရတရား
(၈) ဖဿတရား
(၉-၁၂) ဝေဒနာ စသော တရားများ

၃ - ဝိပါကတိက်

အမေးပုစ္ဆာ

အဖြေဝိသဇ္ဇနာ

(၁) ခန္ဓာတရား
(၂) အာယတနတရား
(၃) ဓာတ်တရား
(၄) သစ္စာတရား
(၅) ဣန္ဒြေတရား
(၆) ဟိတ်တရား
(၇) အာဟာရတရား
(၈) ဖဿတရား
(၉-၁၂) ဝေဒနာစသော တရားများ

# ၁၈ - ဓမ္မဟဒယဝိဘင်္ဂ

## ၄ - ဥပါဒိန္နတိက်

အမေးပုစ္ဆာ

အဖြေဝိသဇ္ဇနာ

(၁) ခန္ဓာတရား (၆) ဟိတ်တရား

(၂) အာယတနတရား (၇) အာဟာရတရား

(၃) ဓာတ်တရား (၈) ဖဿတရား

(၄) သစ္စာတရား (၉-၁၂) ဝေဒနာ စသော တရားများ

(၅) ဣန္ဒြေတရား

## ၅ - ဝိတက္ကတိက်

အမေးပုစ္ဆာ

အဖြေဝိသဇ္ဇနာ

(၁) ခန္ဓာတရား (၆) ဟိတ်တရား

(၂) အာယတနတရား (၇) အာဟာရတရား

(၃) ဓာတ်တရား (၈) ဖဿတရား

(၄) သစ္စာတရား (၉-၁၂) ဝေဒနာစသော တရားများ

(၅) ဣန္ဒြေတရား

# ၁၈ - ဓမ္မဟဒယဝိဘင်္ဂ

၁ - ရူပဒုက်

အမေးပုစ္ဆာ

အဖြေဝိသဇ္ဇနာ

(၁) ခန္ဓာတရား

(၂) အာယတနတရား

(၃) ဓာတ်တရား

(၄) သစ္စာတရား

(၅) ဣန္ဒြေတရား

(၆) ဟိတ်တရား

(၇) အာဟာရတရား

(၈) ဖဿတရား

(၉-၁၂) ဝေဒနာ စသော တရားများ

၂ - လောကီယဒုက်

အမေးပုစ္ဆာ

အဖြေဝိသဇ္ဇနာ

(၁) ခန္ဓာတရား

(၂) အာယတနတရား

(၃) ဓာတ်တရား

(၄) သစ္စာတရား

(၅) ဣန္ဒြေတရား

(၆) ဟိတ်တရား

(၇) အာဟာရတရား

(၈) ဖဿတရား

(၉) ဝေဒနာတရား

(၁၀) သညာတရား

(၁၁) စေတနာတရား

(၁၂) စိတ်တရား

**တရားနှလုံးတို့ကို ဝေဖန်၍ပြသော**

**ဓမ္မဟဒယဝိဘင်း မာတိကာ ပြီးပြီ။**

------

# အဘိဓမ္မပိဋက

# ဝိဘင်္ဂပါဠိတော်

## မြန်မာပြန်

------

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁၈ - ဓမ္မဟဒယဝိဘင်္ဂ

## (တရားနှလုံးတို့ကို ဝေဖန်၍ ပြသော ဝိဘင်း)

## ၁ - သဗ္ဗသင်္ဂါဟိကဝါရ

## (တရားအားလုံးတို့ကို သိမ်းကျုံးယူသောဝါရ)

### တရား ၁၂-မျိုး အမေး

၉၇၈။ ခန္ဓာတို့သည် အဘယ်မျှတို့နည်း၊ အာယတနတို့သည် အဘယ်မျှတို့နည်း၊ ဓာတ်တို့သည် အဘယ်မျှတို့နည်း၊ သစ္စာတို့သည် အဘယ်မျှတို့နည်း၊ ဣန္ဒြေတို့သည် အဘယ်မျှတို့နည်း၊ အကြောင်း 'ဟိတ်' တို့သည် အဘယ်မျှတို့နည်း၊ အာဟာရတို့သည် အဘယ်မျှတို့နည်း၊ တွေ့ထိမှု 'ဖဿ' တို့သည် အဘယ်မျှတို့နည်း၊ ခံစားမှု 'ဝေဒနာ' တို့သည် အဘယ်မျှတို့နည်း၊ သိမှတ်မှု 'သညာ' တို့သည် အဘယ်မျှတို့နည်း၊ စေ့ဆော်မှု 'စေတနာ' တို့သည် အဘယ်မျှတို့နည်း၊ စိတ်တို့သည် အဘယ်မျှတို့နည်း။

### တရား ၁၂-မျိုး အဖြေ

ခန္ဓာတို့သည် ငါးပါးတို့တည်း၊ အာယတနတို့သည် တစ်ဆယ့်နှစ်ပါးတို့တည်း၊ ဓာတ်တို့သည် တစ်ဆယ့်ရှစ်ပါးတို့တည်း၊ သစ္စာတို့သည် လေးပါးတို့တည်း၊ ဣန္ဒြေတို့သည် နှစ်ဆယ့်နှစ်ပါးတို့တည်း၊ အကြောင်း 'ဟိတ်' တို့သည် ကိုးပါးတို့တည်း၊ အာဟာရတို့သည် လေးပါးတို့တည်း၊ တွေ့ထိမှု 'ဖဿ' တို့သည် ခုနစ်ပါးတို့တည်း၊ ခံစားမှု 'ဝေဒနာ' တို့သည် ခုနစ်ပါးတို့တည်း၊ မှတ်သားမှု 'သညာ' တို့သည် ခုနစ်ပါးတို့တည်း၊ စေ့ဆော်မှု 'စေတနာ' တို့သည် ခုနစ်ပါးတို့တည်း၊ စိတ်တို့သည် ခုနစ်ပါးတို့တည်း။

# ဓမ္မဟာဒယပိဘာင်

## (၁) ခန္ဓာ ၅-ပါး

၉၇၉။ ထိုတွင် အဘယ်တို့သည် ခန္ဓာငါးပါးတို့ မည်သနည်း။

ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ၊ ဤသည်တို့ကို ခန္ဓာငါးပါးတို့ဟု ဆိုအပ်ကုန်၏။

## (၂) အာယတန ၁၂-ပါး

၉၈၀။ ထိုတွင် အဘယ်တို့သည် အာယတနတစ်ဆယ့်နှစ်ပါးတို့ မည်သနည်း။

စက္ခာယတန+ရူပါယတန၊ သောတာယတန+သဒ္ဒါယတန၊ ဃာနာယတန+ဂန္ဓာယတန၊ ဇိဝှါယတန+ရသာယတန၊ ကာယာယတန+ဖောဋ္ဌဗ္ဗာယတန၊ မနာယတန+ဓမ္မာယတန။ ဤသည်တို့ကို အာယတန တစ်ဆယ့်နှစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

## (၃) ဓာတ် ၁၈-ပါး

၉၈၁။ ထိုတွင် အဘယ်တို့သည် ဓာတ်တစ်ဆယ့်ရှစ်ပါးတို့ မည်သနည်း။

စက္ခုဓာတ်+ရူပဓာတ်+စက္ခုဝိညာဏဓာတ်၊သောတဓာတ်+သဒ္ဒဓာတ်+သောတဝိညာဏဓာတ်၊ ဃာနဓာတ်+ဂန္ဓဓာတ်+ဃာနဝိညာဏဓာတ်၊ ဇိဝှါဓာတ်+ရသဓာတ်+ဇိဝှါဝိညာဏဓာတ်၊ ကာယဓာတ်+ ဖောဋ္ဌဗ္ဗဓာတ်+ ကာယဝိညာဏဓာတ်၊ မနောဓာတ်+ဓမ္မဓာတ်+မနောဝိညာဏဓာတ်။ ဤသည်တို့ကို ဓာတ် တစ်ဆယ့်ရှစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

## (၄) သစ္စာ ၄-ပါး

၉၈၂။ ထိုတွင် အဘယ်တို့သည် သစ္စာလေးပါးတို့ မည်သနည်း။

ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာ၊ ဤသည်တို့ကို သစ္စာလေးပါးတို့ဟု ဆိုအပ်ကုန်၏။

## (၅) ဣန္ဒြေ ၂၂-ပါး

၉၈၃။ ထိုတွင် အဘယ်တို့သည် ဣန္ဒြေနှစ်ဆယ့်နှစ်ပါးတို့ မည်သနည်း။

စက္ခုန္ဒြေ သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေ မနိန္ဒြေ ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ ဇီဝိတိန္ဒြေ သုခိန္ဒြေ ဒုက္ခိန္ဒြေ သောမနဿိန္ဒြေ ဒေါမနဿိန္ဒြေ ဥပေက္ခိန္ဒြေ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေ အနညာတညဿာမိတိန္ဒြေ အညိန္ဒြေ အညာတာဝိန္ဒြေ၊ ဤသည်တို့ကို ဣန္ဒြေ နှစ်ဆယ့်နှစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

## (၆) ဟိတ် ၉-ပါး

၉၈၄။ ထိုတွင် အဘယ်တို့သည် အကြောင်း (ဟိတ်) ကိုးပါးတို့ မည်သနည်း။

ကုသိုလ်ဟိတ်သုံးပါး၊ အကုသိုလ်ဟိတ်သုံးပါး၊ အဗျာကတဟိတ်သုံးပါးတို့တည်း။

ထိုတွင် အဘယ်တို့သည် ကုသိုလ်ဟိတ်သုံးပါးတို့ မည်သနည်း။

မလိုချင်မှု (အလောဘ) ကုသိုလ်ဟိတ်၊ မပြစ်မှားမှု (အဒေါသ) ကုသိုလ်ဟိတ်၊ မတွေဝေမှု (အမောဟ) ကုသိုလ်ဟိတ်။ ဤသည်တို့သည် ကုသိုလ်ဟိတ်သုံးပါးတို့တည်း။

ထိုတွင် အဘယ်တို့သည် အကုသိုလ်ဟိတ်သုံးပါးတို့ မည်သနည်း။

လိုချင်မှု (လောဘ) အကုသိုလ်ဟိတ်၊ ပြစ်မှားမှု (ဒေါသ) အကုသိုလ်ဟိတ်၊ တွေဝေမှု (မောဟ) အကုသိုလ်ဟိတ်။ ဤသည်တို့သည် အကုသိုလ်ဟိတ်သုံးပါးတို့တည်း။

ထိုတွင် အဘယ်တို့သည် အဗျာကတဟိတ်သုံးပါးတို့ မည်သနည်း။

ကုသိုလ်တရားတို့၏ အကျိုး (ဝိပါက်) အားဖြင့် လည်းကောင်း၊ ကိရိယာအဗျာကတ တရားတို့၌ လည်းကောင်း (ဖြစ်ကြသော) မလိုချင်မှု (အလောဘ)၊ မပြစ်မှားမှု (အဒေါသ)၊ မတွေဝေမှု (အမောဟ)။ ဤသည်တို့သည် အဗျာကတဟိတ်သုံးပါးတို့တည်း။

ဤသည်တို့ကို ဟိတ်ကိုးပါးတို့ဟု ဆိုအပ်ကုန်၏။

## (၇) အာဟာရ ၄-ပါး

၉၈၅။ ထိုတွင် အဘယ်တို့သည် အာဟာရလေးပါးတို့ မည်သနည်း။

အလုတ်အလွေးပြုအပ်သော 'ကဗဠီကာရ' အာဟာရ၊ တွေ့ထိမှု 'ဖဿ' အာဟာရ၊ စိတ်စေ့ဆော်မှု 'မနောသဉ္စေတနာ' အာဟာရ၊ သိမှု 'ဝိညာဏ' အာဟာရ။ ဤသည်တို့ကို အာဟာရလေးပါးတို့ဟု ဆိုအပ်ကုန်၏။

## (၈) ဖဿ ၇-ပါး

၉၈၆။ ထိုတွင် အဘယ်တို့သည် တွေ့ထိမှု 'ဖဿ' ခုနစ်ပါးတို့ မည်သနည်း။

မျက်စိအတွေ့'စက္ခုသမ္ဖဿ'၊ နားအတွေ့ 'သောတသမ္ဖဿ'၊ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ'၊ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ'၊ ကိုယ်အတွေ့ 'ကာယသမ္ဖဿ'၊ မနောဓာတ်အတွေ့ 'မနောဓာတုသမ္ဖဿ'၊ မနောဝိညာဏဓာတ်အတွေ့ 'မနောဝိညာဏဓာတုသမ္ဖဿ'၊ ဤသည်တို့ကို တွေ့ထိမှု 'ဖဿ' ခုနစ်ပါးတို့ ဟု ဆိုအပ်ကုန်၏။

## (၉) ဝေဒနာ ၇-ပါး

၉၈၇။ ထိုတွင် အဘယ်တို့သည် ခံစားမှု 'ဝေဒနာ' ခုနစ်ပါးတို့ မည်သနည်း။

မျက်စိအတွေ့ကြောင့်ဖြစ်သော ခံစားမှု 'စက္ခုသမ္ဖဿဇာ ဝေဒနာ'၊ နားအတွေ့ကြောင့်ဖြစ်သော ခံစားမှု 'သောတသမ္ဖဿဇာ ဝေဒနာ'၊ နှာခေါင်းအတွေ့ကြောင့်ဖြစ်သော ခံစားမှု 'ဃာနသမ္ဖဿဇာ ဝေဒနာ'၊ လျှာအတွေ့ကြောင့်ဖြစ်သော ခံစားမှု 'ဇိဝှါသမ္ဖဿဇာ ဝေဒနာ'၊ ကိုယ်အတွေ့ကြောင့်ဖြစ်သော ခံစားမှု 'ကာယသမ္ဖဿဇာ ဝေဒနာ'၊ မနောဓာတ် အတွေ့ကြောင့်ဖြစ်သော ခံစားမှု 'မနောဓာတုသမ္ဖဿဇာ ဝေဒနာ'၊ မနောဝိညာဏဓာတ် အတွေ့ကြောင့်ဖြစ်သော ခံစားမှု 'မနောဝိညာဏဓာတုသမ္ဖဿဇာ ဝေဒနာ'၊ ဤသည်တို့ကို ခံစားမှု 'ဝေဒနာ' ခုနစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

## (၁၀) သညာ ၇-ပါး

၉၈၈။ ထိုတွင် အဘယ်တို့သည် မှတ် သားမှု 'သညာ'ခုနစ်ပါးတို့ မည်သနည်း။

မျက်စိအတွေ့ကြောင့်ဖြစ်သော မှတ်သားမှု 'စက္ခုသမ္ဖဿဇာ သညာ'၊ နားအတွေ့ကြောင့်ဖြစ်သော မှတ်သားမှု 'သောတသမ္ဖဿဇာ သညာ'၊ နှာခေါင်းအတွေ့ကြောင့် ဖြစ်သော မှတ်သားမှု 'ဃာနသမ္ဖဿဇာသညာ'၊ လျှာအတွေ့ကြောင့်ဖြစ်သော မှတ်သားမှု 'ဇိဝှါသမ္ဖဿဇာ သညာ'၊ ကိုယ်အတွေ့ကြောင့်ဖြစ်သော မှတ်သားမှု 'ကာယသမ္ဖဿဇာ သညာ'၊ မနောဓာတ် အတွေ့ကြောင့်ဖြစ်သော မှတ်သားမှု 'မနောဓာတုသမ္ဖဿဇာသညာ'၊ မနောဝိညာဏဓာတ် အတွေ့ကြောင့်ဖြစ်သော မှတ်သားမှု 'မနောဝိညာဏဓာတုသမ္ဖဿဇာသညာ'၊ ဤသည်တို့ကို မှတ်သားမှု 'သညာ' ခုနစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

## (၁၁) စေတနာ ၇-ပါး

၉၈၉။ ထိုတွင် အဘယ်တို့သည် စေ့ဆော်မှု 'စေတနာ' ခုနစ်ပါးတို့ မည်သနည်း။

မျက်စိအတွေ့ကြောင့်ဖြစ်သော စေ့ဆော်မှု 'စက္ခုသမ္ဖဿဇာ စေတနာ'၊ နားအတွေ့ကြောင့်ဖြစ်သော စေ့ဆော်မှု 'သောတသမ္ဖဿဇာ စေတနာ'၊ နှာခေါင်းအတွေ့ကြောင့်ဖြစ်သော စေ့ဆော်မှု 'ဃာနသမ္ဖဿဇာစေတနာ'၊ လျှာအတွေ့ကြောင့်ဖြစ်သော စေ့ဆော်မှု 'ဇိဝှါသမ္ဖဿဇာ စေတနာ'၊ ကိုယ်အတွေ့ကြောင့်ဖြစ်သော စေ့ဆော်မှု 'ကာယသမ္ဖဿဇာ စေတနာ'၊ မနောဓာတ် အတွေ့ကြောင့်ဖြစ်သော စေ့ဆော်မှု 'မနောဓာတုသမ္ဖဿဇာ စေတနာ'၊ မနောဝိညာဏဓာတ် အတွေ့ကြောင့်ဖြစ်သော စေ့ဆော်မှု 'မနောဝိညာဏ ဓာတုသမ္ဖဿဇာ စေတနာ'၊ ဤသည်တို့ကို စေ့ဆော်မှု 'စေတနာ' ခုနစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

## (၁၂) စိတ် ၇-ပါး

၉၉၀။ ထိုတွင် အဘယ်တို့သည် စိတ်ခုနစ်ပါးတို့ မည်သနည်း။

မြင်သိစိတ် 'စက္ခုဝိညာဏ်'၊ ကြားသိစိတ် 'သောတဝိညာဏ်'၊ နံသိစိတ် 'ဃာနဝိညာဏ်'၊ လျက်သိစိတ် 'ဇိဝှါဝိညာဏ်'၊ ထိသိစိတ် 'ကာယဝိညာဏ်'၊ သိကာမျှသဘော 'မနောဓာတ်'၊ အထူးသိမှု သဘော 'မနောဝိညာဏ ဓာတ်'၊ ဤသည်တို့ကို စိတ်ခုနစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

**သဗ္ဗသင်္ဂါဟိကဝါရ (တရားအားလုံးကို သိမ်းကျုံးယူသော ဝါရ) ပြီး၏။**

# ဓမ္မဟာဒယဝိဘင်္ဂ

## ၂ - ဥပ္ပတ္တာနုပ္ပတ္တိဝါရ

## (တရားတို့၏ ဖြစ်ခြင်း မဖြစ်ခြင်းကို ပြဆိုခြင်း)

### ၁ - ကာမဓာတ်တရားများ

### အမေးပုစ္ဆာ

၉၉၁။ ကာမဓာတ်၌ ခန္ဓာတို့သည် အဘယ်မျှတို့နည်း၊ အာယတနတို့သည် အဘယ်မျှတို့နည်း၊ ဓာတ်တို့သည် အဘယ်မျှတို့နည်း၊ သစ္စာတို့သည် အဘယ်မျှတို့နည်း၊ ဣန္ဒြေတို့သည် အဘယ်မျှတို့နည်း၊ အကြောင်း 'ဟိတ်' တို့သည် အဘယ်မျှတို့နည်း၊ အာဟာရတို့သည် အဘယ်မျှတို့နည်း၊ တွေ့ထိမှု 'ဖဿ' တို့သည် အဘယ်မျှတို့နည်း၊ ခံစားမှု 'ဝေဒနာ' တို့သည် အဘယ်မျှတို့နည်း၊ မှတ်သားမှု 'သညာ' တို့သည် အဘယ်မျှတို့နည်း၊ စေ့ဆော်မှု 'စေတနာ' တို့သည် အဘယ်မျှတို့နည်း၊ စိတ်တို့သည်အဘယ်မျှတို့နည်း။

### အဖြေဝိသဇ္ဇနာ

ကာမဓာတ်၌ ခန္ဓာတို့သည် ငါးပါးတို့တည်း၊ အာယတနတို့သည် တစ်ဆယ့်နှစ်ပါးတို့တည်း၊ ဓာတ်တို့သည် တစ်ဆယ့်ရှစ်ပါးတို့တည်း၊ သစ္စာတို့သည် သုံးပါးတို့တည်း၊ ဣန္ဒြေတို့သည် နှစ်ဆယ့်နှစ်ပါးတို့တည်း၊ အကြောင်း 'ဟိတ်' တို့သည် ကိုးပါးတို့တည်း၊ အာဟာရတို့သည် လေးပါးတို့တည်း၊ တွေ့ထိမှု 'ဖဿ' တို့သည် ခုနစ်ပါးတို့တည်း၊ ခံစားမှု 'ဝေဒနာ' တို့သည် ခုနစ်ပါးတို့တည်း၊ မှတ်သားမှု 'သညာ' တို့သည် ခုနစ်ပါးတို့တည်း၊ စေ့ဆော်မှု 'စေတနာ' တို့သည် ခုနစ်ပါးတို့တည်း၊ စိတ်တို့သည် ခုနစ်ပါးတို့တည်း။

# ဓမ္မဟာဒယဝိဘင်္ဂ

## (၁) ခန္ဓာ ၅-ပါး

၉၉၂။ ထိုတွင် အဘယ်တို့သည် ကာမဓာတ်၌ ခန္ဓာငါးပါးတို့ မည်သနည်း။

ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ၊ ဤသည်တို့ကို ကာမဓာတ်၌ ခန္ဓာငါးပါးတို့ဟု ဆိုအပ်ကုန်၏။

## (၂) အာယတန ၁၂-ပါး

ထိုတွင် အဘယ်တို့သည် ကာမဓာတ်၌ အာယတနတစ်ဆယ့်နှစ်ပါးတို့ မည်သနည်း-စက္ခာယတန+ရူပါယတန၊ သောတာယတန+သဒ္ဒါယတန၊ ဃာနာယတန+ဂန္ဓာယတန၊ ဇိဝှါယတန +ရသာယတန၊ ကာယာယတန+ဖောဋ္ဌဗ္ဗာယတန၊ မနာယတန+ဓမ္မာယတန၊ ဤသည်တို့ကို ကာမဓာတ်၌ အာယတန တစ်ဆယ့်နှစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

## (၃) ဓာတ် ၁၈-ပါး

ထိုတွင် အဘယ်တို့သည် ကာမဓာတ်၌ ဓာတ်တစ်ဆယ့်ရှစ်ပါးတို့ မည်သနည်း။

စက္ခုဓာတ်+ရူပဓာတ်+စက္ခုဝိညာဏဓာတ်၊သောတဓာတ်+သဒ္ဒဓာတ်+သောတဝိညာဏဓာတ်၊ ဃာနဓာတ်+ဂန္ဓဓာတ်+ဃာနဝိညာဏဓာတ်၊ ဇိဝှါဓာတ်+ရသဓာတ်+ဇိဝှါဝိညာဏဓာတ်၊ ကာယဓာတ် +ဖောဋ္ဌဗ္ဗဓာတ်+ကာယဝိညာဏဓာတ်၊ မနောဓာတ်+ဓမ္မဓာတ်+မနောဝိညာဏဓာတ်၊ ဤသည်တို့ကို ကာမ ဓာတ်၌ ဓာတ်တစ်ဆယ့် ရှစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

## (၄) သစ္စာ ၃-ပါး

ထိုတွင် အဘယ်တို့သည် ကာမဓာတ်၌ သစ္စာသုံးပါးတို့ မည်သနည်း။

ဒုက္ခသစ္စာ သမုဒယသစ္စာ မဂ္ဂသစ္စာ၊ ဤသည်တို့ကို ကာမဓာတ်၌ သစ္စာသုံးပါးတို့ဟု ဆိုအပ်ကုန်၏။

## (၅) ဣန္ဒြေ ၂၂-ပါး

ထိုတွင် အဘယ်တို့သည် ကာမဓာတ်၌ ဣန္ဒြေနှစ်ဆယ့်နှစ်ပါးတို့ မည်သနည်း။

စက္ခုန္ဒြေ သောတိန္ဒြေ။ပ။ အညာတာဝိန္ဒြေ၊ ဤသည်တို့ကို ကာမဓာတ်၌ ဣန္ဒြေနှစ်ဆယ့်နှစ်ပါးတို့ဟုဆိုအပ်ကုန်၏။

## (၆) ဟိတ် ၉-ပါး

ထိုတွင် အဘယ်တို့သည် ကာမဓာတ်၌ အကြောင်း 'ဟိတ်' ကိုးပါးတို့ မည်သနည်း။

ကုသိုလ်ဟိတ်သုံးပါး၊ အကုသိုလ်ဟိတ်သုံးပါး၊ အဗျာကတဟိတ်သုံးပါး၊ ဤသည်တို့ကို ကာမဓာတ်၌ အကြောင်း 'ဟိတ်' ကိုးပါးတို့ဟု ဆိုအပ်ကုန်၏။

## (၇) အာဟာရ လေးပါး

ထိုတွင် အဘယ်တို့သည် ကာမဓာတ်၌ အာဟာရလေးပါးတို့ မည်သနည်း။

အလုတ်အလွေး ပြုအပ်သော 'ကဗဠီကာရ' အာဟာရ၊ တွေ့ထိမှု 'ဖဿ' အာဟာရ၊ စိတ်စေ့ဆော်မှု 'မနောသဉ္စေတနာ' အာဟာရ၊ သိမှု 'ဝိညာဏ' အာဟာရ၊ ဤသည်တို့ကို ကာမဓာတ်၌ အာဟာရ လေးပါးတို့ဟု ဆိုအပ်ကုန်၏။

## (၈) ဖဿ ခုနစ်ပါး

ထိုတွင် အဘယ်တို့သည် ကာမဓာတ်၌ တွေ့ထိမှု 'ဖဿ' ခုနစ်ပါးတို့ မည်သနည်း။

မျက်စိအတွေ့ 'စက္ခုသမ္ဖဿ'၊ နားအတွေ့ 'သောတသမ္ဖဿ'၊ နှာခေါင်းအတွေ့ 'ဃာနသမ္ဖဿ'၊ လျှာအတွေ့ 'ဇိဝှါသမ္ဖဿ'၊ ကိုယ်အတွေ့ 'ကာယသမ္ဖဿ'၊ မနောဓာတ်အတွေ့ 'မနောဓာတုသမ္ဖဿ'၊ မနော ဝိညာဏဓာတ်အတွေ့ 'မနောဝိညာဏဓာတုသမ္ဖဿ'၊ ဤသည်တို့ကို ကာမဓာတ်၌ တွေ့ထိမှု 'ဖဿ' ခုနစ်ပါး တို့ဟု ဆိုအပ်ကုန်၏။

## (၉) ဝေဒနာ ခုနစ်ပါး

ထိုတွင် အဘယ်တို့သည် ကာမဓာတ်၌ ခံစားမှု 'ဝေဒနာ' ခုနစ်ပါးတို့ မည်သနည်း။

မျက်စိအတွေ့ကြောင့်ဖြစ်သော ခံစားမှု 'စက္ခုသမ္ဖဿဇာ ဝေဒနာ'၊ နားအတွေ့ကြောင့်ဖြစ်သော ခံစားမှု 'သောတသမ္ဖဿဇာဝေဒနာ'၊ နှာခေါင်းအတွေ့ကြောင့်ဖြစ်သော ခံစားမှု 'ဃာနသမ္ဖဿဇာ ဝေဒနာ'၊ လျှာအတွေ့ကြောင့်ဖြစ်သော ခံစားမှု 'ဇိဝှါသမ္ဖဿဇာဝေဒနာ'၊ ကိုယ်အတွေ့ကြောင့်ဖြစ်သော ခံစားမှု 'ကာယ သမ္ဖဿဇာ ဝေဒနာ'၊ မနောဓာတ်အတွေ့ကြောင့်ဖြစ်သော ခံစားမှု 'မနောဓာတု သမ္ဖဿဇာ ဝေဒနာ'၊ မနောဝိညာဏဓာတ် အတွေ့ကြောင့်ဖြစ်သော ခံစားမှု 'မနောဝိညာဏဓာတု သမ္ဖဿဇာ ဝေဒနာ'၊ ဤသည် တို့ကို ကာမဓာတ်၌ ခံစားမှု 'ဝေဒနာ' ခုနစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

## (၁၀) သညာ ခုနစ်ပါး

ထိုတွင် အဘယ်တို့သည် ကာမဓာတ်၌ မှတ်သားမှု 'သညာ' ခုနစ်ပါးတို့ မည်သနည်း။

မျက်စိအတွေ့ကြောင့်ဖြစ်သော မှတ်သားမှု 'စက္ခုသမ္ဖဿဇာသညာ'၊ နားအတွေ့ကြောင့်ဖြစ်သော မှတ်သားမှု 'သောတသမ္ဖဿဇာသညာ'၊ နှာခေါင်းအတွေ့ကြောင့်ဖြစ်သော မှတ်သားမှု 'ဃာနသမ္ဖဿဇာ သညာ'၊ လျှာအတွေ့ကြောင့်ဖြစ်သော မှတ်သားမှု 'ဇိဝှါသမ္ဖဿဇာ သညာ'၊ ကိုယ်အတွေ့ကြောင့် ဖြစ်သော မှတ်သားမှု 'ကာယသမ္ဖဿဇာသညာ'၊ မနောဓာတ်အတွေ့ကြောင့်ဖြစ်သော မှတ်သားမှု 'မနောဓာတုသမ္ဖဿဇာသညာ'၊ မနောဝိညာဏဓာတ် အတွေ့ကြောင့်ဖြစ်သော မှတ်သားမှု 'မနောဝိညာ ဏဓာတုသမ္ဖဿဇာ သညာ'၊ ဤသည်တို့ကို ကာမဓာတ်၌ မှတ်သားမှု 'သညာ' ခုနစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

## (၁၁) စေတနာ ခုနစ်ပါး

ထိုတွင် အဘယ်တို့သည် ကာမဓာတ်၌ စေ့ဆော်မှု 'စေတနာ'ခုနစ်ပါးတို့ မည်သနည်း။

မျက်စိအတွေ့ကြောင့်ဖြစ်သော စေ့ဆော်မှု 'စက္ခုသမ္ဖဿဇာစေတနာ'၊ နားအတွေ့ကြောင့်ဖြစ်သော စေ့ဆော်မှု 'သောတသမ္ဖဿဇာ စေတနာ'၊ နှာခေါင်းအတွေ့ကြောင့်ဖြစ်သော စေ့ဆော်မှု 'ဃာန သမ္ဖဿဇာစေတနာ'၊ လျှာအတွေ့ကြောင့်ဖြစ်သော စေ့ဆော်မှု 'ဇိဝှါသမ္ဖဿဇာစေတနာ'၊ ကိုယ်အတွေ့ ကြောင့်ဖြစ်သော စေ့ဆော်မှု 'ကာယသမ္ဖဿဇာစေတနာ'၊ မနောဓာတ်အတွေ့ကြောင့်ဖြစ်သော စေ့ဆော် မှု 'မနောဓာတု သမ္ဖဿဇာ စေတနာ'၊ မနောဝိညာဏဓာတ်အတွေ့ကြောင့်ဖြစ်သော စေ့ဆော်မှု 'မနော ဝိညာဏဓာတု သမ္ဖဿဇာစေတနာ'၊ ဤသည်တို့ကို ကာမဓာတ်၌ စေ့ဆော်မှု 'စေတနာ' ခုနစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

## (၁၂) စိတ် ၇-ပါး

ထိုတွင် အဘယ်တို့သည် ကာမဓာတ်၌ စိတ်ခုနစ်ပါးတို့ မည်သနည်း-မြင်သိစိတ် 'စက္ခုဝိညာဏ်'၊ ကြားသိစိတ် 'သောတဝိညာဏ်'၊ နံသိစိတ် 'ဃာနဝိညာဏ်'၊ လျက်သိစိတ် 'ဇိဝှါဝိညာဏ်'၊ ထိသိစိတ် 'ကာယဝိညာဏ်'၊ သိကာမျှသဘော 'မနောဓာတ်'၊ အထူးသိမှု သဘော 'မနောဝိညာဏဓာတ်'၊ ဤသည် တို့ ကာမဓာတ်၌ စိတ်ခုနစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

# ဓမ္မဟာဒယဝိဘင်္ဂ

## ၂ - ရူပဓာတ်တရားများ

### အမေးပုစ္ဆာ

၉၉၃။ ရူပဓာတ်၌ ခန္ဓာတို့သည် အဘယ်မျှတို့နည်း၊ အာယတနတို့သည် အဘယ်မျှတို့နည်း၊ ဓာတ်တို့သည် အဘယ်မျှတို့နည်း၊ သစ္စာတို့သည် အဘယ်မျှတို့နည်း၊ ဣန္ဒြေတို့သည် အဘယ်မျှတို့နည်း။ပ။ စိတ်တို့သည် အဘယ်မျှတို့နည်း။

### အဖြေဝိသဇ္ဇနာ

ရူပဓာတ်၌ ခန္ဓာတို့သည် ငါးပါးတို့တည်း၊ အာယတနတို့သည် ခြောက်ပါးတို့တည်း၊ ဓာတ်တို့သည် ကိုးပါးတို့တည်း၊ သစ္စာတို့သည် သုံးပါးတို့တည်း၊ ဣန္ဒြေတို့သည် တစ်ဆယ့်လေးပါးတို့တည်း၊ ဟိတ်တို့သည် ရှစ်ပါးတို့တည်း၊ အာဟာရတို့သည် သုံးပါးတို့တည်း၊ တွေ့ထိမှု 'ဖဿ' တို့သည် လေးပါးတို့တည်း၊ ခံစားမှု 'ဝေဒန' တို့သည် လေးပါးတို့တည်း၊ မှတ်သားမှု 'သညာ' တို့သည် လေးပါးတို့တည်း၊ စေ့ဆော်မှု 'စေတနာ' တို့သည် လေးပါးတို့တည်း၊ စိတ်တို့သည် လေးပါးတို့တည်း။

## (၁) ခန္ဓာ ၅-ပါး

၉၉၄။ ထိုတွင် အဘယ်တို့သည် ရူပဓာတ်၌ ခန္ဓာငါးပါးတို့ မည်သနည်း။

ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ၊ ဤသည်တို့ကို ရူပဓာတ်၌ ခန္ဓာငါးပါးတို့ဟု ဆိုအပ်ကုန်၏။

## (၂) အာယတန ၆-ပါး

ထိုတွင် အဘယ်တို့သည် ရူပဓာတ်၌ အာယတနခြောက်ပါးတို့ မည်သနည်း။

စက္ခာယတန+ရူပါယတန၊ သောတာယတန+သဒ္ဒါယတန၊ မနာယတန+ဓမ္မာယတန၊ ဤသည်တို့ကို ရူပဓာတ်၌ အာယတနခြောက်ပါးတို့ဟု ဆိုအပ်ကုန်၏။

## (၃) ဓာတ် ၉-ပါး

ထိုတွင် အဘယ်တို့သည် ရူပဓာတ်၌ ဓာတ်ကိုးပါးတို့ မည်သနည်း။

စက္ခုဓာတ်+ရူပဓာတ်+စက္ခုဝိညာဏဓာတ်၊သောတဓာတ်+သဒ္ဒဓာတ်+သောတဝိညာဏဓာတ်၊ မနောဓာတ်+ဓမ္မဓာတ်+မနောဝိညာဏဓာတ်၊ ဤသည်တို့ကို ရူပဓာတ်၌ ဓာတ်ကိုးပါးတို့ဟု ဆိုအပ်ကုန်၏။

## (၄) သစ္စာ ၃-ပါး

ထိုတွင် အဘယ်တို့သည် ရူပခာတ်၌ သစ္စာသုံးပါးတို့ မည်သနည်း။

ဒုက္ခသစ္စာ သမုဒယသစ္စာ မဂ္ဂသစ္စာ၊ ဤသည်တို့ကို ရူပခာတ်၌ သစ္စာသုံးပါးတို့ဟု ဆိုအပ်ကုန်၏။

## (၅) ဣန္ဒြေ၁၄-ပါး

ထိုတွင် အဘယ်တို့သည် ရူပခာတ်၌ ဣန္ဒြေတစ်ဆယ့်လေးပါးတို့ မည်သနည်း။

စက္ခုန္ဒြေ သောတိန္ဒြေ မနိန္ဒြေ ဇီဝိတိန္ဒြေ သောမနဿိန္ဒြေ ဥပေက္ခိန္ဒြေ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေ အနညာတညဿာမီတိန္ဒြေ အညိန္ဒြေ အညာတာဝိန္ဒြေ၊ ဤသည်တို့ကို ရူပခာတ်၌ ဣန္ဒြေ တစ်ဆယ့်လေးပါးတို့ဟု ဆိုအပ်ကုန်၏။

## (၆) ဟိတ် ၈-ပါး

ထိုတွင် အဘယ်တို့သည် ရူပခာတ်၌ အကြောင်းဟိတ်ရှစ်ပါးတို့ မည်သနည်း။

ကုသိုလ်ဟိတ်သုံးပါး၊ အကုသိုလ်ဟိတ်နှစ်ပါး၊ အဗျာကတဟိတ်သုံးပါးတို့တည်း။

ထိုတွင် အဘယ်တို့သည် ကုသိုလ်ဟိတ်သုံးပါးတို့ မည်သနည်း။

မလိုချင်မှုကုသိုလ်ဟိတ် (အလောဘ)၊ မပြစ်မှားမှုကုသိုလ်ဟိတ် (အဒေါသ)၊ မတွေဝေမှု ကုသိုလ်ဟိတ် (အမောဟ)၊ ဤသည်တို့သည် ကုသိုလ်ဟိတ်သုံးပါးတို့တည်း။

ထိုတွင် အဘယ်တို့သည် အကုသိုလ်ဟိတ်နှစ်ပါးတို့ မည်သနည်း။

လိုချင်မှု အကုသိုလ်ဟိတ် (လောဘ)၊ တွေဝေမှု အကုသိုလ်ဟိတ် (မောဟ)၊ ဤသည်တို့သည် အကုသိုလ်ဟိတ် နှစ်ပါးတို့တည်း။

ထိုတွင် အဘယ်တို့သည် အဗျာကတဟိတ်သုံးပါးတို့ မည်သနည်း။

ကုသိုလ်တရားတို့၏ အကျိုး (ဝိပါက်)အားဖြင့် လည်းကောင်း၊ ကိရိယာအဗျာကတတရားတို့၌ လည်းကောင်း (ဖြစ်သော) မလိုချင်မှု 'အလောဘ'၊ မပြစ်မှားမှု 'အဒေါသ'၊ မတွေဝေမှု 'အမောဟ'၊ ဤသည်တို့သည် အဗျာကတဟိတ် သုံးပါးတို့တည်း။

ဤသည်တို့ကို ရူပခာတ်၌ ဟိတ်ရှစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

## (၇) အာဟာရ ၃-ပါး

ထိုတွင် အဘယ်တို့သည် ရူပခာတ်၌ အာဟာရသုံးပါးတို့ မည်သနည်း။

တွေ့ထိမှု 'ဖဿ' အာဟာရ၊ စိတ်စေ့ဆော်မှု 'မနောသဉ္စေတနာ' အာဟာရ၊ သိမှု 'ဝိညာဏ' အာဟာရ၊ ဤသည်တို့ကို ရူပခာတ်၌ အာဟာရသုံးပါးတို့ဟု ဆိုအပ်ကုန်၏။

## (၈) ဖဿ ၄-ပါး

ထိုတွင် အဘယ်တို့သည် ရူပဓာတ်၌ တွေ့ထိမှု 'ဖဿ'လေးပါးတို့ မည်သနည်း။

မျက်စိအတွေ့ 'စက္ခုသမ္ဖဿ'၊ နားအတွေ့ 'သောတသမ္ဖဿ'၊ သိကာမျှသဘော မနောဓာတ်အတွေ့ 'မနောဓာတုသမ္ဖဿ'၊ အထူးသိမှု သဘော မနောဝိညာဏဓာတ် အတွေ့ 'မနောဝိညာဏဓာတုသမ္ဖဿ'၊ ဤသည်တို့ကို ရူပဓာတ်၌ တွေ့ထိမှု 'ဖဿ' လေးပါးတို့ဟု ဆိုအပ်ကုန်၏။

## (၉-၁၂) ဝေဒနာ ၄-ပါး စသည်

ထိုတွင် အဘယ်တို့သည် ရူပဓာတ်၌ ခံစားမှု 'ဝေဒနာ' လေးပါးတို့ မည်သနည်း။ပ။

မှတ်သားမှု 'သညာ' လေးပါးတို့ မည်သနည်း။ပ။

စေ့ဆော်မှု 'စေတနာ' လေးပါးတို့ မည်သနည်း။ပ။

စိတ်လေးပါးတို့ မည်သနည်း။

မြင်သိစိတ် 'စက္ခုဝိညာဏ်'၊ ကြားသိစိတ် 'သောတဝိညာဏ်'၊ သိကာမျှသဘော 'မနောဓာတ်'၊ အထူးသိမှု သဘော 'မနောဝိညာဏဓာတ်'၊ ဤသည်တို့ကို ရူပဓာတ်၌ စိတ်လေးပါးတို့ဟု ဆိုအပ်ကုန်၏။

# ဓမ္မဟာဒယဝိဘင်္ဂ

## ၃ - အရူပဓာတ်တရားများ

### အမေးပုစ္ဆာ

၉၉၅။ အရူပဓာတ်၌ ခန္ဓာတို့သည် အဘယ်မျှတို့နည်း။ပ။ စိတ်တို့သည် အဘယ်မျှတို့နည်း။

### အဖြေဝိသဇ္ဇနာ

အရူပဓာတ်၌ ခန္ဓာတို့သည် လေးပါးတို့တည်း၊ အာယတနတို့သည် နှစ်ပါးတို့တည်း၊ ဓာတ်တို့သည် နှစ်ပါးတို့တည်း၊ သစ္စာတို့သည် သုံးပါးတို့တည်း၊ ဣန္ဒြေတို့သည် တစ်ဆယ့်တစ်ပါးတို့တည်း၊ ဟိတ်တို့သည် ရှစ်ပါးတို့တည်း၊ အာဟာရတို့သည် သုံးပါးတို့တည်း၊ တွေ့ထိမှု 'ဖဿ' သည် တစ်ပါးတည်း၊ ခံစားမှု 'ဝေဒနာ' သည် တစ်ပါးတည်း၊ မှတ်သားမှု 'သညာ' သည် တစ်ပါးတည်း၊ စေ့ဆော်မှု 'စေတနာ' သည် တစ်ပါးတည်း၊ စိတ်သည် တစ်ပါးတည်း။

## (၁) ခန္ဓာ ၄-ပါး

၉၉၆။ ထိုတွင် အဘယ်တို့သည် အရူပဓာတ်၌ ခန္ဓာလေးပါးတို့ မည်သနည်း။

ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ၊ ဤသည်တို့ကို အရူပဓာတ်၌ ခန္ဓာလေးပါးတို့ဟု ဆိုအပ်ကုန်၏။

## (၂) အာယတန ၂-ပါး

ထိုတွင် အဘယ်တို့သည် အရူပဓာတ်၌ အာယတနနှစ်ပါးတို့ မည်သနည်း။

မနာယတန၊ ဓမ္မာယတန၊ ဤသည်တို့ကို အရူပဓာတ်၌ အာယတနနှစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

## (၃) ဓာတ် ၂-ပါး

ထိုတွင် အဘယ်တို့သည် အရူပဓာတ်၌ ဓာတ်နှစ်ပါးတို့ မည်သနည်း။

မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်၊ ဤသည်တို့ကို အရူပဓာတ်၌ ဓာတ်နှစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

## (၄) သစ္စာ ၃-ပါး

ထိုတွင် အဘယ်တို့သည် အရူပဓာတ်၌ သစ္စာသုံးပါးတို့ မည်သနည်း။

ဒုက္ခသစ္စာ သမုဒယသစ္စာ မဂ္ဂသစ္စာ၊ ဤသည်တို့ကို အရူပဓာတ်၌ သစ္စာသုံးပါးတို့ဟု ဆိုအပ်ကုန်၏။

## (၅) ဣန္ဒြေ ၁၁-ပါး

ထိုတွင် အဘယ်တို့သည် အရူပဓာတ်၌ ဣန္ဒြေတစ်ဆယ့်တစ်ပါးတို့ မည်သနည်း။

မနိန္ဒြေ ဇီဝိတိန္ဒြေ သောမနဿိန္ဒြေ ဥပေက္ခိန္ဒြေ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေ။ အညိန္ဒြေ အညာတာဝိန္ဒြေ၊ ဤသည်တို့ကို အရူပဓာတ်၌ ဣန္ဒြေတစ်ဆယ့်တစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

## (၆) ဟိတ် ၈-ပါး

ထိုတွင် အဘယ်တို့သည် အရူပဓာတ်၌ အကြောင်းဟိတ်ရှစ်ပါးတို့ မည်သနည်း။

ကုသိုလ်ဟိတ်သုံးပါး၊ အကုသိုလ်ဟိတ်နှစ်ပါး၊ အဗျာကတဟိတ်သုံးပါး။ပ။ ဤသည်တို့ကို အရူပဓာတ်၌ ဟိတ်ရှစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

## (၇) အာဟာရ ၃-ပါး

ထိုတွင် အဘယ်တို့သည် အရူပဓာတ်၌ အာဟာရသုံးပါးတို့ မည်သနည်း။

တွေ့ထိမှု 'ဖဿ' အာဟာရ၊ စိတ်စေ့ဆော်မှု 'မနောသဉ္စေတနာ' အာဟာရ၊ သိမှု 'ဝိညာဏ' အာဟာရ၊ ဤသည်တို့ကို အရူပဓာတ်၌ အာဟာရသုံးပါးတို့ဟု ဆိုအပ်ကုန်၏။

## (၈) ဖဿ ၁-ပါး

ထိုတွင် အဘယ်သည် အရူပဓာတ်၌ တွေ့ထိမှု 'ဖဿ' တစ်ပါး မည်သနည်း။

အထူးသိမှု သဘော မနောဝိညာဏဓာတ်အတွေ့ 'မနောဝိညာဏဓာတုသမ္ဖဿ'၊ ယင်းကို အရူပဓာတ်၌ တွေ့ထိမှု 'ဖဿ' တစ်ပါးဟု ဆိုအပ်၏။

## (၉-၁၂) ခံစားမှု ဝေဒနာ စသည်

ထိုတွင် အဘယ်သည် အရူပဓာတ်၌ ခံစားမှု 'ဝေဒနာ' တစ်ပါး မည်သနည်း။ပ။

မှတ်သားမှု 'သညာ' တစ်ပါး မည်သနည်း။ပ။

စေ့ဆော်မှု 'စေတနာ' တစ်ပါး မည်သနည်း။ပ။

စိတ်တစ်ပါး မည်သနည်း။

အထူးသိမှု သဘော 'မနောဝိညာဏဓာတ်'၊ ယင်းကို အရူပဓာတ်၌ စိတ်တစ်ပါးဟု ဆိုအပ်၏။

# ၄ - ဓာတ်သုံးပါး၌ အကျုံးမဝင်သော (လောကုတ္တရာ) တရားများ

## အမေးပုစ္ဆာ

၉၉၇။ ဓာတ်သုံးပါးတွင် အကျုံးမဝင်သော (လောကုတ္တရာ) တရား၌ ခန္ဓာတို့သည် အဘယ်မျှတို့နည်း။ပ။ စိတ်တို့သည် အဘယ်မျှတို့နည်း။

## အဖြေဝိသဇ္ဇနာ

ဓာတ်သုံးပါးတွင် အကျုံးမဝင်သော (လောကုတ္တရာ) တရား၌ ခန္ဓာတို့သည် လေးပါးတို့တည်း၊ အာယတနတို့သည် နှစ်ပါးတို့တည်း၊ ဓာတ်တို့သည် နှစ်ပါးတို့တည်း၊ သစ္စာတို့သည် နှစ်ပါးတို့တည်း၊ ဣန္ဒြေတို့သည် တစ်ဆယ့်နှစ်ပါးတို့တည်း၊ အကြောင်း 'ဟိတ်'တို့သည် ခြောက်ပါးတို့တည်း၊ အာဟာရတို့သည် သုံးပါးတို့တည်း၊ တွေ့ထိမှု 'ဖဿ' သည် တစ်ပါးတည်း၊ ခံစားမှု 'ဝေဒနာ' သည် တစ်ပါးတည်း၊ မှတ်သားမှု 'သညာ' သည် တစ်ပါးတည်း၊ စေ့ဆော်မှု 'စေတနာ' သည် တစ်ပါးတည်း၊ စိတ်သည် တစ်ပါးတည်း။

## (၁) ခန္ဓာ ၄-ပါး

၉၉၈။ ထိုတွင် အဘယ်တို့သည် ဓာတ်သုံးပါးတွင် အကျုံးမဝင်သော (လောကုတ္တရာ) တရား၌ ခန္ဓာလေးပါးတို့ မည်သနည်း။

ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ။ ဤသည်တို့ကို ဓာတ်သုံးပါးတွင် အကျုံးမဝင်သော (လောကုတ္တရာ) တရား၌ ခန္ဓာလေးပါးတို့ဟု ဆိုအပ်ကုန်၏။

## (၂) အာယတန ၂-ပါး

ထိုတွင် အဘယ်တို့သည် ဓာတ်သုံးပါးတွင် အကျုံးမဝင်သော (လောကုတ္တရာ) တရား၌ အာယတန နှစ်ပါးတို့ မည်သနည်း။

မနာယတန၊ ဓမ္မာယတန။ ဤသည်တို့ကို ဓာတ်သုံးပါးတွင် အကျုံးမဝင်သော (လောကုတ္တရာ) တရား၌ အာယတနနှစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

## (၃) ဓာတ် ၂-ပါး

ထိုတွင် အဘယ်တို့သည် ဓာတ်သုံးပါးတွင် အကျုံးမဝင်သော (လောကုတ္တရာ) တရား၌ ဓာတ် နှစ်ပါးတို့ မည်သနည်း။

မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်။ ဤသည်တို့ကို ဓာတ်သုံးပါးတွင် အကျုံးမဝင်သော (လောကုတ္တရာ) တရား၌ ဓာတ်နှစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

## (၄) သစ္စာ ၂-ပါး

ထိုတွင် အဘယ်တို့သည် ဓာတ်သုံးပါးတွင် အကျုံးမဝင်သော (လောကုတ္တရာ) တရား၌ သစ္စာနှစ်ပါးတို့ မည်သနည်း။

မဂ္ဂသစ္စာ နိရောဓသစ္စာ။ ဤသည်တို့ကို ဓာတ်သုံးပါးတွင် အကျုံးမဝင်သော (လောကုတ္တရာ) တရား၌ သစ္စာနှစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

## (၅) ဣန္ဒြေ ၁၂-ပါး

ထိုတွင် အဘယ်တို့သည် ဓာတ်သုံးပါးတွင် အကျုံးမဝင်သော (လောကုတ္တရာ) တရား၌ ဣန္ဒြေတစ်ဆယ့်နှစ်ပါးတို့ မည်သနည်း။

မနိန္ဒြေ ဇီဝိတိန္ဒြေ သောမနဿိန္ဒြေ ဥပေက္ခိန္ဒြေ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေ အနညာတညဿာမီတိန္ဒြေ အညိန္ဒြေ အညာတာဝိန္ဒြေ။ ဤသည်တို့ကို ဓာတ်သုံးပါးတို့၌ အကျုံးမဝင်သော (လောကုတ္တရာ) တရား၌ ဣန္ဒြေတစ်ဆယ့်နှစ်ပါးတို့ဟု ဆိုအပ်ကုန်၏။

## (၆) ဟိတ် ၆-ပါး

ထိုတွင် အဘယ်တို့သည် ဓာတ်သုံးပါးတွင် အကျုံးမဝင်သော (လောကုတ္တရာ) တရား၌ အကြောင်း 'ဟိတ်' ခြောက်ပါးတို့ မည်သနည်း။

ကုသိုလ်ဟိတ်သုံးပါး၊ အဗျာကတဟိတ်သုံးပါးတို့တည်း။

ထို ၆ ပါးတို့တွင် အဘယ်တို့သည် ကုသိုလ်ဟိတ်သုံးပါးတို့ မည်သနည်း။

မလိုချင်မှု 'အလောဘ' ဟူသော ကုသိုလ်ဟိတ်၊ မပြစ်မှားမှု 'အဒေါသ' ဟူသော ကုသိုလ်ဟိတ်၊ မတွေဝေမှု 'အမောဟ' ဟူသော ကုသိုလ်ဟိတ်။ ဤသည်တို့သည် ကုသိုလ်ဟိတ် သုံးပါးတို့တည်း။

ထို ၆ ပါးတို့တွင် အဘယ်တို့သည် အဗျာကတဟိတ်သုံးပါးတို့ မည်သနည်း။

ကုသိုလ်တရားတို့၏ အကျိုး (ဝိပါက်) အားဖြင့် (ဖြစ်သော) မလိုချင်မှု 'အလောဘ'၊ မပြစ်မှားမှု 'အဒေါသ'၊ မတွေဝေမှု 'အမောဟ'။ ဤသည်တို့သည် အဗျာကတဟိတ်သုံးပါးတို့တည်း။

ဤသည်တို့ကို ဓာတ်သုံးပါးတွင် အကျုံးမဝင်သော (လောကုတ္တရာ) တရား၌ အကြောင်း 'ဟိတ်' ခြောက်ပါးတို့ဟု ဆိုအပ်ကုန်၏။

## (၇) အာဟာရ ၃-ပါး

ထိုတွင် အဘယ်တို့သည် ဓာတ်သုံးပါးတွင် အကျုံးမဝင်သော (လောကုတ္တရာ) တရား၌ အာဟာရသုံးပါးတို့ မည်သနည်း။

တွေ့ထိမှု 'ဖဿ' အာဟာရ၊ စိတ်စေ့ဆော်မှု 'မနောသဉ္စေတနာ' အာဟာရ၊ သိမှု 'ဝိညာဏ' အာဟာရ။ ဤသည်တို့ကို ဓာတ်သုံးပါးတွင် အကျုံးမဝင်သော (လောကုတ္တရာ) တရား၌ အာဟာရသုံးပါးတို့ဟု ဆိုအပ်ကုန်၏။

## (၈) ဖဿ ၁-ပါး

ထိုတွင် အဘယ်သည် ခါတ်သုံးပါးတွင် အကျုံးမဝင်သော (လောကုတ္တရာ) တရား၌ တွေ့ထိမှု 'ဖဿ' တစ်ပါး မည်သနည်း။

အထူးသိမှု သဘော မနောဝိညာဏခါတ်အတွေ့ 'မနောဝိညာဏခါတုသမ္ဖဿ'။ ယင်းကို ခါတ် သုံးပါးတွင် အကျုံးမဝင်သော (လောကုတ္တရာ) တရား၌ တွေ့ထိမှု 'ဖဿ'တစ်ပါးဟု ဆိုအပ်၏။

## (၉-၁၂) ဝေဒနာ ၁-ပါး စသည်

ထိုတွင် အဘယ်သည် ခါတ်သုံးပါးတွင် အကျုံးမဝင်သော (လောကုတ္တရာ) တရား၌- ခံစားမှု 'ဝေဒနာ' တစ်ပါး မည်သနည်း။ပ။

မှတ်သားမှု 'သညာ' တစ်ပါး မည်သနည်း။ပ။

စေ့ဆော်မှု 'စေတနာ' တစ်ပါး မည်သနည်း။ပ။

စိတ်တစ်ပါး မည်သနည်း။

အထူးသိမှု သဘော 'မနောဝိညာဏခါတ်'၊ ယင်းကို ခါတ်သုံးပါး၌ အကျုံးမဝင်သော (လောကုတ္တရာ) တရား၌ စိတ်တစ်ပါးဟု ဆိုအပ်၏။

**တရားတို့၏ ဖြစ်ခြင်း မဖြစ်ခြင်းကိုပြဆိုသောဥပ္ပတ္တာနုပ္ပတ္တိဝါရ ပြီး၏။**

------

# ဓမ္မဟာဒယပိဘာဂ်

## ၃ - ပရိယာပန္နာပရိယာပန္နဝါရ

## (ဓာတ်သုံးပါး၌ အကျုံးဝင်, မဝင်သောတရားတို့ကို ပြဆိုသော ဝါရ)

## ၁ - ကာမဓာတ်တရားများ

### အမေးပုစ္ဆာ

၉၉၉။ ခန္ဓာငါးပါးတို့တွင် ကာမဓာတ်၌ အကျုံးဝင်သော ခန္ဓာတို့သည် အဘယ်မျှတို့နည်း၊ ကာမဓာတ်၌ အကျုံးမဝင်သော ခန္ဓာတို့သည် အဘယ်မျှတို့နည်း။ပ။ စိတ်ခုနစ်ပါးတို့တွင် ကာမဓာတ်၌ အကျုံးဝင်သော စိတ်တို့သည် အဘယ်မျှတို့နည်း၊ ကာမဓာတ်၌ အကျုံးမဝင်သော စိတ်တို့သည် အဘယ်မျှတို့နည်း။

### အဖြေဝိသဇ္ဇနာ

### (၁) ခန္ဓာ ငါးပါး

၁၀၀၀။ ရူပက္ခန္ဓာသည် ကာမဓာတ်၌ အကျုံးဝင်၏။ (ကြွင်း) ခန္ဓာလေးပါးတို့သည် အချို့ ကာမ ဓာတ်၌ အကျုံးဝင်ကုန်၏၊ အချို့ ကာမဓာတ်၌ အကျုံးမဝင်ကုန်။

### (၂) အာယတန ၁၂-ပါး

အာယတနဆယ်ပါးတို့သည် ကာမဓာတ်၌ အကျုံးဝင်ကုန်၏။ အာယတနနှစ်ပါးတို့သည် အချို့ ကာမဓာတ်၌ အကျုံးဝင်ကုန်၏၊ အချို့ ကာမဓာတ်၌ အကျုံးမဝင်ကုန်။

### (၃) ဓာတ် ၁၈-ပါး

ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် ကာမဓာတ်၌ အကျုံးဝင်ကုန်၏။ ဓာတ်နှစ်ပါးတို့သည် အချို့ ကာမဓာတ်၌ အကျုံးဝင်ကုန်၏၊ အချို့ ကာမဓာတ်၌ အကျုံးမဝင်ကုန်။

### (၄) သစ္စာ ၄-ပါး

သမုဒယသစ္စာသည် ကာမဓာတ်၌ အကျုံးဝင်၏။ သစ္စာနှစ်ပါးတို့သည် ကာမဓာတ်၌ အကျုံး မဝင်ကုန်။ ဒုက္ခသစ္စာသည် အချို့ ကာမဓာတ်၌ အကျုံးဝင်၏၊ အချို့ ကာမဓာတ်၌ အကျုံးမဝင်။

### (၅) ဣန္ဒြေ ၂၂-ပါး

ဣန္ဒြေဆယ်ပါးတို့သည် ကာမဓာတ်၌ အကျုံးဝင်ကုန်၏။ ဣန္ဒြေသုံးပါးတို့သည် ကာမဓာတ်၌ အကျုံး မဝင်ကုန်။ ဣန္ဒြေကိုးပါးတို့သည် အချို့ ကာမဓာတ်၌ အကျုံးဝင်ကုန်၏၊ အချို့ ကာမဓာတ်၌ အကျုံး မဝင်ကုန်။

## (၆) ဟိတ် ၆-ပါး

အကုသိုလ်ဟိတ်သုံးပါးတို့သည် ကာမဓာတ်၌ အကျုံးဝင်ကုန်၏။ (ကြွင်း) ဟိတ် ခြောက်ပါးတို့သည် အချို့ ကာမဓာတ်၌ အကျုံးဝင်ကုန်၏၊ အချို့ ကာမဓာတ်၌ အကျုံးမဝင်ကုန်။

## (၇) အာဟာရ ၄-ပါး

အလုတ်အလွေးကို ပြုသော 'ကဗဠီကာရ' အာဟာရသည် ကာမဓာတ်၌ အကျုံးဝင်၏။ (ကြွင်း) အာဟာရသုံးပါးတို့သည် အချို့ ကာမဓာတ်၌ အကျုံးဝင်ကုန်၏၊ အချို့ ကာမဓာတ်၌ အကျုံးမဝင်ကုန်။

## (၈) ဖဿ ၆-ပါး

တွေ့ထိမှု 'ဖဿ' ခြောက်ပါးတို့သည် ကာမဓာတ်၌ အကျုံးဝင်ကုန်၏။ မနောဝိညာဏဓာတ်အတွေ့သည် အချို့ ကာမဓာတ်၌ အကျုံးဝင်၏၊ အချို့ ကာမဓာတ်၌ အကျုံးမဝင်။

## (၉-၁၂) ဝေဒနာ ၆-ပါး စသည်

ခံစားမှု 'ဝေဒနာ' ခြောက်ပါးတို့သည်။ပ။

သိမှတ်မှု 'သညာ' ခြောက်ပါးတို့သည်။ပ။

စေ့ဆော်မှု 'စေတနာ' ခြောက်ပါးတို့သည်။ပ။

စိတ်ခြောက်ပါးတို့သည် ကာမဓာတ်၌ အကျုံးဝင်ကုန်၏။ မနောဝိညာဏဓာတ်သည် အချို့ ကာမဓာတ်၌ အကျုံးဝင်၏၊ အချို့ ကာမဓာတ်၌ အကျုံးမဝင်။

# ဓမ္မဟာဒယဝိဘင်္ဂ

## ၂ - ရူပဓာတ်တရားများ

### အမေးပုစ္ဆာ

၁၀၀၁။ ခန္ဓာငါးပါးတို့တွင် ရူပဓာတ်၌ အကျုံးဝင်သော ခန္ဓာတို့သည် အဘယ်မျှတို့နည်း။ပ။

စိတ်ခုနစ်ပါးတို့တွင် ရူပဓာတ်၌ အကျုံးဝင်သော စိတ်တို့သည် အဘယ်မျှတို့နည်း၊ ရူပဓာတ်၌ အကျုံးမဝင်သော စိတ်တို့သည် အဘယ်မျှတို့နည်း။

### အဖြေ ဝိသဇ္ဇနာ

### (၁) ခန္ဓာ ၅-ပါး

၁၀၀၂။ ရူပက္ခန္ဓာသည် ရူပဓာတ်၌ အကျုံးမဝင်။ (ကြွင်း) ခန္ဓာလေးပါးတို့သည် အချို့ ရူပဓာတ်၌ အကျုံးဝင်ကုန်၏၊ အချို့ ရူပဓာတ်၌ အကျုံးမဝင်ကုန်။

### (၂) အာယတန ၁၂-ပါး

အာယတန ဆယ်ပါးတို့သည် ရူပဓာတ်၌ အကျုံးမဝင်ကုန်။ အာယတန နှစ်ပါးတို့သည် အချို့ ရူပဓာတ်၌ အကျုံးဝင်ကုန်၏၊ အချို့ ရူပဓာတ်၌ အကျုံးမဝင်ကုန်။

### (၃) ဓာတ် ၁၈-ပါး

ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် ရူပဓာတ်၌ အကျုံးမဝင်ကုန်။ ဓာတ်နှစ်ပါးတို့သည် အချို့ ရူပဓာတ်၌ အကျုံးဝင်ကုန်၏၊ အချို့ ရူပဓာတ်၌ အကျုံးမဝင်ကုန်။

### (၄) သစ္စာ ၄-ပါး

သစ္စာသုံးပါးတို့သည် ရူပဓာတ်၌ အကျုံးမဝင်ကုန်။ ဒုက္ခသစ္စာသည် အချို့ ရူပဓာတ်၌ အကျုံးဝင်၏၊ အချို့ ရူပဓာတ်၌ အကျုံးမဝင်။

### (၅) ဣန္ဒြေ ၂၂-ပါး

ဣန္ဒြေတစ်ဆယ့်သုံးပါးတို့သည် ရူပဓာတ်၌ အကျုံးမဝင်ကုန်။ ဣန္ဒြေကိုးပါးတို့သည် ရူပဓာတ်၌ အကျုံးဝင်ကုန်၏၊ အချို့ ရူပဓာတ်၌ အကျုံးမဝင်ကုန်။

## (၆) ဟိတ် ၉-ပါး

အကုသိုလ်ဟိတ်သုံးပါးတို့သည် ရူပဓာတ်၌ အကျုံးမဝင်ကုန်၊ (ကြွင်း) ဟိတ်ခြောက်ပါးတို့သည် အချို့ ရူပဓာတ်၌ အကျုံးဝင်ကုန်၏၊ အချို့ ရူပဓာတ်၌ အကျုံးမဝင်ကုန်။

## (၇) အာဟာရ ၄-ပါး

အလုတ်အလွေး ပြုအပ်သော 'ကဗဠီကာရ' အာဟာရသည် ရူပဓာတ်၌ အကျုံးမဝင်။ (ကြွင်း) အာဟာရ သုံးပါးတို့သည် အချို့ ရူပဓာတ်၌ အကျုံးဝင်ကုန်၏၊ အချို့ ရူပဓာတ်၌ အကျုံး မဝင်ကုန်။

## (၈) ဖဿ ၇-ပါး

တွေ့ထိမှု 'ဖဿ' ခြောက်ပါးတို့သည် ရူပဓာတ်၌ အကျုံးမဝင်ကုန်။ မနောဝိညာဏဓာတ်အတွေ့သည် အချို့ ရူပဓာတ်၌ အကျုံးဝင်၏၊ အချို့ ရူပဓာတ်၌ အကျုံးမဝင်။

## (၉-၁၂) ဝေဒနာ စသည်

ခံစားမှု 'ဝေဒနာ' ခြောက်ပါးတို့သည်။ပ။

သိမှတ်မှု 'သညာ' ခြောက်ပါးတို့သည်။ပ။

စေ့ဆော်မှု 'စေတနာ' ခြောက်ပါးတို့သည်။ပ။

စိတ်ခြောက်ပါးတို့သည် ရူပဓာတ်၌ အကျုံးမဝင်ကုန်။ မနောဝိညာဏဓာတ်သည် အချို့ ရူပဓာတ်၌ အကျုံးဝင်၏၊ အချို့ ရူပဓာတ်၌ အကျုံးမဝင်။

# ဓမ္မဟာဒယပိဋကဂ်

## ၃ - အရူပဓာတ်တရားများ

### အမေးပုစ္ဆာ

၁၀၀၃။ ခန္ဓာငါးပါးတို့တွင် အရူပဓာတ်၌ အကျုံးဝင်သော ခန္ဓာတို့သည် အဘယ်မျှတို့နည်း၊ အရူပဓာတ်၌ အကျုံးမဝင်သော ခန္ဓာတို့သည် အဘယ်မျှတို့နည်း။ပ။ စိတ်ခုနစ်ပါးတို့တွင် အရူပဓာတ်၌ အကျုံးဝင်သော စိတ်တို့သည် အဘယ်မျှတို့နည်း၊ အရူပဓာတ်၌ အကျုံးမဝင်သော စိတ်တို့သည် အဘယ်မျှတို့နည်း။

### အဖြေဝိသဇ္ဇနာ

### (၁) ခန္ဓာ ၅-ပါး

၁၀၀၄။ ရူပက္ခန္ဓာသည် အရူပဓာတ်၌ အကျုံးမဝင်။ (ကြွင်း) ခန္ဓာလေးပါးတို့သည် အချို့ အရူပဓာတ်၌ အကျုံးဝင်ကုန်၏၊ အချို့ အရူပဓာတ်၌ အကျုံးမဝင်ကုန်။

### (၂) အာယတန ၁၂-ပါး

အာယတနဆယ်ပါးတို့သည် အရူပဓာတ်၌ အကျုံးမဝင်ကုန်။ အာယတနနှစ်ပါးတို့သည် အချို့ အရူပဓာတ်၌ အကျုံးဝင်ကုန်၏၊ အချို့ အရူပဓာတ်၌ အကျုံးမဝင်ကုန်။

### (၃) ဓာတ် ၁၈-ပါး

ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် အရူပဓာတ်၌ အကျုံးမဝင်ကုန်။ ဓာတ်နှစ်ပါးတို့သည် အချို့ အရူပဓာတ်၌ အကျုံးဝင်ကုန်၏၊ အချို့ အရူပဓာတ်၌ အကျုံးမဝင်ကုန်။

### (၄) သစ္စာ ၄-ပါး

သစ္စာသုံးပါးတို့သည် အရူပဓာတ်၌ အကျုံးမဝင်ကုန်။ ဒုက္ခသစ္စာသည် အချို့ အရူပဓာတ်၌ အကျုံးဝင်၏၊ အချို့ အရူပဓာတ်၌ အကျုံးမဝင်။

## (၅) ဣန္ဒြေ ၂၂-ပါး

ဣန္ဒြေတစ်ဆယ့်လေးပါးတို့သည် အရူပဓာတ်၌ အကျုံးမဝင်ကုန်။ ဣန္ဒြေရှစ်ပါးတို့သည် အချို့ အရူပဓာတ်၌ အကျုံးဝင်ကုန်၏၊ အချို့ အရူပဓာတ်၌ အကျုံးမဝင်ကုန်။

## (၆) ဟိတ် ၉-ပါး

အကုသိုလ်ဟိတ်သုံးပါးတို့သည် အရူပဓာတ်၌ အကျုံးမဝင်ကုန်။ (ကြွင်း) ဟိတ်ခြောက်ပါးတို့သည် အချို့ အရူပဓာတ်၌ အကျုံးဝင်ကုန်၏၊ အချို့ အရူပဓာတ်၌ အကျုံးမဝင်ကုန်။

## (၇) အာဟာရ ၄-ပါး

အလုတ်အလွေး ပြုအပ်သော 'ကဗဠီကာရ' အာဟာရသည် အရူပဓာတ်၌ အကျုံးမဝင်။ (ကြွင်း) အာဟာရ သုံးပါးတို့သည် အချို့ အရူပဓာတ်၌ အကျုံးဝင်ကုန်၏၊ အချို့ အရူပဓာတ်၌ အကျုံးမဝင်ကုန်။

## (၈) ဖဿ ၇-ပါး

တွေ့ထိမှု 'ဖဿ' ခြောက်ပါးတို့သည် အရူပဓာတ်၌ အကျုံးမဝင်ကုန်၊ မနောဝိညာဏဓာတ်အတွေ့သည်အချို့ အရူပဓာတ်၌ အကျုံးဝင်၏၊ အချို့ အရူပဓာတ်၌ အကျုံးမဝင်။

## (၉-၁၂) ဝေဒနာ စသည်

ခံစားမှု 'ဝေဒနာ' ခြောက်ပါးတို့သည်။ပ။

သိမှတ်မှု 'သညာ' ခြောက်ပါးတို့သည်။ပ။

စေ့ဆော်မှု 'စေတနာ' ခြောက်ပါးတို့သည်။ပ။

စိတ်ခြောက်ပါးတို့သည် အရူပဓာတ်၌ အကျုံးမဝင်ကုန်။ မနောဝိညာဏဓာတ်သည် အချို့ အရူပဓာတ်၌ အကျုံးဝင်၏၊ အချို့ အရူပဓာတ်၌ အကျုံးမဝင်။

# ဓမ္မဟာဒယဝိဘင်္

## ၄ - ဓမ္မဒဿနဝါရ

## (တရားတို့ကို ညွှန်ပြရာဖြစ်သော ဝါရ)

## ၁ - ကာမဓာတ်တရားများ

### အမေးပုစ္ဆာ

၁၀၀၇။ ကာမဓာတ်၌ ပဋိသန္ဓေအခါ အဘယ်မျှသော ခန္ဓာတို့ ထင်ရှား ဖြစ်ကုန်သနည်း။ပ။ အဘယ်မျှသော စိတ်တို့ ထင်ရှားဖြစ်ကုန်သနည်း။

### အဖြေဝိသဇ္ဇနာ

### (၁) ခန္ဓာ

ကာမဓာတ်၌ ပဋိသန္ဓေအခါ သူခပ်သိမ်းတို့အား ခန္ဓာငါးပါး ထင်ရှားဖြစ်ကုန်၏။

### (၂) အာယတန

အချို့သူအား အာယတနတစ်ဆယ့်တစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏၊ အချို့သူအား အာယတနဆယ်ပါးတို့ ထင်ရှားဖြစ်ကုန်၏၊ အချို့သူအား (တစ်နည်း) အခြား အာယတနဆယ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ အချို့သူအား အာယတနကိုးပါးတို့ ထင်ရှားဖြစ်ကုန်၏၊ အချို့သူအား အာယတနခုနစ်ပါးတို့ ထင်ရှား ဖြစ်ကုန်၏။

### (၃) ဓာတ်

အချို့သူအား ဓာတ်တစ်ဆယ့်တစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏၊ အချို့သူအား ဓာတ်ဆယ်ပါးတို့ ထင်ရှားဖြစ်ကုန်၏၊ အချို့သူအား (တစ်နည်း) အခြား ဓာတ်ဆယ်ပါးတို့ ထင်ရှားဖြစ်ကုန်၏၊ အချို့သူ အား ဓာတ်ကိုးပါးတို့ ထင်ရှားဖြစ်ကုန်၏၊ အချို့သူအား ဓာတ်ခုနစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။

## (၄) သစ္စာ

သူခပ်သိမ်းတို့အား သစ္စာတစ်ပါး ထင်ရှားဖြစ်၏။

## (၅) ဣန္ဒြေ

အချို့သူအား ဣန္ဒြေ တစ်ဆယ့်လေးပါးတို့ ထင်ရှားဖြစ်ကုန်၏၊ အချို့သူအား ဣန္ဒြေ တစ်ဆယ့်သုံးပါးတို့ ထင်ရှားဖြစ်ကုန်၏၊ အချို့သူအား (တစ်နည်း) အခြားဣန္ဒြေ တစ်ဆယ့်သုံးပါးတို့ ထင်ရှားဖြစ်ကုန်၏၊ အချို့သူအား ဣန္ဒြေတစ်ဆယ့်နှစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏၊ အချို့သူအား ဣန္ဒြေဆယ်ပါးတို့ ထင်ရှားဖြစ်ကုန်၏၊ အချို့သူအား ဣန္ဒြေကိုးပါးတို့ ထင်ရှားဖြစ်ကုန်၏၊ အချို့သူအား (တစ်နည်း) အခြားဣန္ဒြေကိုးပါးတို့ ထင်ရှားဖြစ်ကုန်၏၊ အချို့သူအား ဣန္ဒြေရှစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏၊ အချို့သူအား

(တစ်နည်း) အခြားဣန္ဒြေရှစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏၊ အချို့သူအား ဣန္ဒြေခုနစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏၊ အချို့သူအား ဣန္ဒြေငါးပါးတို့ ထင်ရှားဖြစ်ကုန်၏၊ အချို့သူအား ဣန္ဒြေလေးပါးတို့ ထင်ရှားဖြစ်ကုန်၏။

## (၆) ဟိတ်

အချို့သူအား ဟိတ်သုံးပါးတို့ ထင်ရှားဖြစ်ကုန်၏၊ အချို့သူအား ဟိတ်နှစ်ပါးတို့ ထင်ရှား ဖြစ်ကုန်၏၊ အချို့သူအား ဟိတ်မပါဘဲ ထင်ရှားဖြစ်ကုန်၏။

## (၇) အာဟာရ

သူခပ်သိမ်းတို့အား အာဟာရလေးပါးတို့ ထင်ရှားဖြစ်ကုန်၏။

## (၈) ဖဿ

သူခပ်သိမ်းတို့အား တွေ့ထိမှု 'ဖဿ' တစ်ပါး ထင်ရှားဖြစ်၏။

## (၉) ဝေဒနာ

သူခပ်သိမ်းတို့အား ခံစားမှု 'ဝေဒနာ' တစ်ပါး ထင်ရှားဖြစ်၏။

## (၁၀) သညာ

သူခပ်သိမ်းတို့အား သိမှတ်မှု (သညာ) တစ်ပါး ထင်ရှားဖြစ်၏။

## (၁၁) စေတနာ

သူခပ်သိမ်းတို့အား စေ့ဆော်မှု (စေတနာ) တစ်ပါး ထင်ရှားဖြစ်၏။

## (၁၂) စိတ်

သူခပ်သိမ်းတို့အား စိတ်တစ်ပါး ထင်ရှားဖြစ်၏။

# ဓမ္မဟာဒယပါဠိတော်

## အကျယ်ဖွင့်ပြခြင်း

### (၁) ခန္ဓာတရား

၁၀၀၈။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် သူခပ်သိမ်းတို့အား အဘယ်ခန္ဓာငါးပါးတို့ ထင်ရှားဖြစ်ကုန် သနည်း။

ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ၊ ကာမဓာတ်၌ ပဋိသန္ဓေ အခိုက်သူ ခပ်သိမ်းတို့အား ဤခန္ဓာငါးပါးတို့ ထင်ရှားဖြစ်ကုန်၏။

### (၂) အာယတနတရားများ

၁၀၀၉။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်သူအား အာယတန တစ်ဆယ့်တစ်ပါးတို့ ထင်ရှား ဖြစ်ကုန်သနည်း။

အာယတန အပြည့်အစုံ ဖြစ်ထိုက်ကုန်သော ကာမာဝစရနတ်၊ ကမ္ဘာဦးလူ၊ ကိုယ်ကောင် ထင်ရှား ဘွားကနဲဖြစ်ကုန် (ဥပပါတ်ပဋိသန္ဓေနေကုန်)သော ပြိတ္တာ၊ အသုရာ၊ တိရစ္ဆာန်နှင့် ငရဲသူတို့အား ပဋိသန္ဓေအခါ အာယတန တစ်ဆယ့်တစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ စက္ခာယတန၊ ရူပါယတန၊ သောတာယတန၊ ဃာနာယတန၊ ဂန္ဓာယတန၊ ဇိဝှါယတန၊ ရသာယတန၊ ကာယာယတန၊ ဖောဋ္ဌဗ္ဗာ ယတန၊ မနာယတန၊ ဓမ္မာယတန။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် ထိုသူတို့အား ဤအာယတန တစ်ဆယ့်တစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။

ကာမဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်သူအား အာယတနဆယ်ပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

ပဋိသန္ဓေအားဖြင့် ကန်းကုန်သော၊ ကိုယ်ကောင်ထင်ရှား ဘွားကနဲဖြစ်ကုန် (ဥပပါတ် ပဋိသန္ဓေ နေကုန်) သော ပြိတ္တာ၊ အသုရာ၊ တိရစ္ဆာန်နှင့် ငရဲသူတို့အား ပဋိသန္ဓေအခါ အာယတနဆယ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ ရူပါယတန၊ သောတာယတန၊ ဃာနာယတန၊ ဂန္ဓာယတန၊ ဇိဝှါယတန၊ ရသာယတန၊ ကာယာ ယတန၊ ဖောဋ္ဌဗ္ဗာယတန၊ မနာယတန၊ ဓမ္မာယတန။ ကာမဓာတ်၌ ပဋိသန္ဓေ အခိုက် ထိုသူတို့အား ဤအာယတနဆယ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်သူအား (တစ်နည်း) အခြား အာယတနဆယ်ပါးတို့ ထင်ရှားဖြစ်ကုန်သနည်း-

ပဋိသန္ဓေအားဖြင့် နားပင်းကုန်သော၊ ကိုယ်ကောင်ထင်ရှား ဘွားကနဲဖြစ်ကုန် (ဥပပါတ်ပဋိသန္ဓေ နေကုန်)သော ပြိတ္တာ၊ အသုရာ၊ တိရစ္ဆာန်နှင့် ငရဲသူတို့အား ပဋိသန္ဓေအခါ အာယတန ဆယ်ပါးတို့ ထင်ရှား ဖြစ်ကုန်၏။ စက္ခာယတန၊ ရူပါယတန၊ ဃာနာယတန၊ ဂန္ဓာယတန၊ ဇိဝှါယတန၊ ရသာယတန၊ ကာယာယတန၊ ဖောဋ္ဌဗ္ဗာယတန၊ မနာယတန၊ ဓမ္မာယတန။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် ထိုသူတို့ အား ဤအာယတနဆယ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်သူအား အာယတနကိုးပါးတို့ ထင်ရှားဖြစ်ကုန်သနည်း-

ပဋိသန္ဓေအားဖြင့် ကန်းလည်းကန်း ပင်းလည်း ပင်းကုန်သော၊ ကိုယ်ကောင်ထင်ရှား ဘွားကနဲ ဖြစ်ကုန် (ဥပပါတ်ပဋိသန္ဓေနေကုန်) သော ပြိတ္တာ၊ အသုရာ၊ တိရစ္ဆာန်နှင့် ငရဲသူတို့အား ပဋိသန္ဓေအခါ အာယတနကိုးပါးတို့ ထင်ရှားဖြစ်ကုန်၏။ ရူပါယတန၊ ဃာနာယတန၊ ဂန္ဓာယတန၊ ဇိဝှါယတန၊ ရသာ ယတန၊ ကာယာယတန၊ ဖောဋ္ဌဗ္ဗာယတန၊ မနာယတန၊ ဓမ္မာယတန။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် ထိုသူတို့အား ဤအာယတနကိုးပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်သူ အား အာယတနခုနစ်ပါးတို့ ထင်ရှားဖြစ်ကုန်သနည်း-

အမိဝမ်းတွင်း၌ ပဋိသန္ဓေနေသော (ဂဗ္ဘသေယျက) သတ္တဝါတို့အား ပဋိသန္ဓေအခါ အာယတန ခုနစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ ရူပါယတန၊ ဂန္ဓာယတန၊ ရသာယတန၊ ကာယာယတန၊ ဖောဋ္ဌဗ္ဗာယ တန၊ မနာယတန၊ ဓမ္မာယတန။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် ထိုသူတို့အား ဤအာယတနခုနစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။

## (၃) ဓာတ်တရားများ

၁၀၁၀။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်သူအား ဓာတ်တစ်ဆယ့်တစ်ပါးတို့ ထင်ရှား ဖြစ်ကုန်သနည်း-

အာယတန အပြည့်အစုံ ဖြစ်ထိုက်ကုန်သော ကာမာဝစရနတ်၊ ကမ္ဘာဦးလူ၊ ကိုယ်ကောင် ထင်ရှား ဘွားကနဲဖြစ်ကုန် (ဥပပါတ်ပဋိသန္ဓေနေကုန်) သော ပြိတ္တာ၊ အသုရာ၊ တိရစ္ဆာန်နှင့် ငရဲသူတို့အား ပဋိသန္ဓေ အခါဓာတ် တစ်ဆယ့်တစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ စက္ခုဓာတ်၊ ရူပဓာတ်၊ သောတဓာတ်၊ ဃာနဓာတ်၊ ဂန္ဓဓာတ်၊ ဇိဝှါဓာတ်၊ ရသဓာတ်၊ ကာယဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်၊ မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် ထိုသူတို့အား ဤဓာတ်တစ်ဆယ့်တစ်ပါးတို့ ထင်ရှားဖြစ်ကုန် ၏။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်သူအား ဓာတ်ဆယ်ပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

ပဋိသန္ဓေအားဖြင့် ကန်းကုန်သော၊ ကိုယ်ကောင်ထင်ရှား ဘွားကနဲဖြစ်ကုန် (ဥပပါတ်ပဋိသန္ဓေ နေကုန်) သော ပြိတ္တာ၊ အသုရာ၊ တိရစ္ဆာန်နှင့် ငရဲသူတို့အား ပဋိသန္ဓေအခါ ဓာတ်ဆယ်ပါးတို့ ထင်ရှား ဖြစ်ကုန်၏။ ရူပဓာတ်၊ သောတဓာတ်၊ ဃာနဓာတ်၊ ဂန္ဓဓာတ်၊ ဇိဝှါဓာတ်၊ ရသဓာတ်၊ ကာယဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်၊ မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် ထိုသူတို့အား ဤဓာတ် ဆယ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်သူအား (တစ်နည်းအားဖြင့်) အခြားဓာတ်ဆယ်ပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

ပဋိသန္ဓေအားဖြင့် နားပင်းကုန်သော၊ ကိုယ်ကောင်ထင်ရှား ဘွားကနဲဖြစ်ကုန် (ဥပပါတ်ပဋိသန္ဓေ နေကုန်) သော ပြိတ္တာ၊ အသုရာ၊ တိရစ္ဆာန်နှင့် ငရဲသူတို့အား ပဋိသန္ဓေအခါ ဓာတ်ဆယ်ပါးတို့ ထင်ရှား ဖြစ်ကုန်၏။ စက္ခုဓာတ်၊ ရူပဓာတ်၊ ဃာနဓာတ်၊ ဂန္ဓဓာတ်၊ ဇိဝှါဓာတ်၊ ရသဓာတ်၊ ကာယဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်၊ မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် ထိုသူတို့အား ဤဓာတ်ဆယ်ပါးတို့ထင်ရှားဖြစ်ကုန်၏။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်သူအား ဓာတ်ကိုးပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

ပဋိသန္ဓေအားဖြင့် ကန်းလည်းကန်း ပင်းလည်း ပင်းကုန်သော၊ ကိုယ်ကောင်ထင်ရှား ဘွားကနဲ ဖြစ်ကုန် (ဥပပါတ်ပဋိသန္ဓေနေကုန်) သော ပြိတ္တာ၊ အသုရာ၊ တိရစ္ဆာန်နှင့် ငရဲသူတို့အား ပဋိသန္ဓေအခါ ဓာတ်ကိုးပါးတို့ ထင်ရှားဖြစ်ကုန်၏။ ရူပဓာတ်၊ ဃာနဓာတ်၊ ဂန္ဓဓာတ်၊ ဇိဝှါဓာတ်၊ ရသဓာတ်၊ ကာယ ဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်၊ မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် ထိုသူတို့အား ဤဓာတ်ကိုးပါးတို့ ထင်ရှား ဖြစ်ကုန်၏။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်သူအား ဓာတ်ခုနစ်ပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

အမိဝမ်းတိုက်၌ ကိန်းအောင်း ပဋိသန္ဓေ တည်နေကုန်သော (ဂဗ္ဘသေယျက) သတ္တဝါတို့အား ပဋိသန္ဓေအခါ ဓာတ်ခုနစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ ရူပဓာတ်၊ ဂန္ဓဓာတ်၊ ရသဓာတ်၊ ကာယဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်၊ မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် ထိုသူတို့အား ဤဓာတ် ခုနစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။

## (၄) သစ္စာတရား

၁၀၁၁။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် သူခပ်သိမ်းတို့အား အဘယ်သစ္စာတစ်ပါး ထင်ရှား ဖြစ်သနည်း။

ဒုက္ခသစ္စာ။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် သူခပ်သိမ်းတို့အား ဤသစ္စာတစ်ပါး ထင်ရှားဖြစ်၏။

## (၅) ဣန္ဒြေတရားများ

၁၀၁၂။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်သူအား ဣန္ဒြေတစ်ဆယ့်လေးပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

အကြောင်း 'ဟိတ်' ရှိ၍ ဉာဏ်နှင့်ယှဉ်သည့် ပဋိသန္ဓေ ရှိကုန်သော ကာမာဝစရနတ်တို့အား ပဋိသန္ဓေအခါ ဣန္ဒြေ တစ်ဆယ့်လေးပါးတို့ ထင်ရှားဖြစ်ကုန်၏။ စက္ခုန္ဒြေ သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေ မနိန္ဒြေ ဣတ္ထိန္ဒြေ၊ (သို့မဟုတ်) ပုရိသိန္ဒြေ ဇီဝိတိန္ဒြေ သောမနဿိန္ဒြေ၊ (သို့မဟုတ်) ဥပေက္ခိန္ဒြေ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေ။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် ထိုသတ္တဝါတို့အား ဤဣန္ဒြေ တစ်ဆယ့်လေးပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်သူအား ဣန္ဒြေ တစ်ဆယ့်သုံးပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

အကြောင်း 'ဟိတ်' ရှိ၍ ဉာဏ်နှင့်မယှဉ်သည့် ပဋိသန္ဓေ ရှိကုန်သော ကာမာဝစရနတ်တို့အား ပဋိသန္ဓေအခါ ဣန္ဒြေ တစ်ဆယ့်သုံးပါးတို့ ထင်ရှားဖြစ်ကုန်၏။ စက္ခုန္ဒြေ သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေ မနိန္ဒြေ ဣတ္ထိန္ဒြေ၊ (သို့မဟုတ်) ပုရိသိန္ဒြေ ဇီဝိတိန္ဒြေ သောမနဿိန္ဒြေ၊ (သို့မဟုတ်) ဥပေက္ခိန္ဒြေ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် ထိုသူတို့အား ဤဣန္ဒြေ တစ်ဆယ့်သုံးပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်သူအား (တစ်နည်းအားဖြင့်) အခြား ဣန္ဒြေတစ်ဆယ့် သုံးပါးတို့ထင်ရှားဖြစ်ကုန်သနည်း။

အကြောင်း 'ဟိတ်' ရှိ၍ ဉာဏ်နှင့်ယှဉ်သည့် ပဋိသန္ဓေ ရှိကုန်သော ကမ္ဘာဦးလူတို့အား ပဋိသန္ဓေအခါ ဣန္ဒြေ တစ်ဆယ့်သုံးပါးတို့ ထင်ရှားဖြစ်ကုန်၏။ စက္ခုန္ဒြေ သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေ မနိန္ဒြေ ဇီဝိတိန္ဒြေ သောမနဿိန္ဒြေ၊ (သို့မဟုတ်) ဥပေက္ခိန္ဒြေ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေ။ ကာမဓာတ်၌ ပဋိသန္ဓေ အခိုက်ထိုသူတို့အား ဤဣန္ဒြေ တစ်ဆယ့်သုံးပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်သူအား ဣန္ဒြေ တစ်ဆယ့်နှစ်ပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

အကြောင်း 'ဟိတ်' ရှိ၍ ဉာဏ်နှင့် မယှဉ်သည့် ပဋိသန္ဓေ ရှိကုန်သော ကမ္ဘာဦးလူတို့အား ပဋိသန္ဓေအခါ ဣန္ဒြေ တစ်ဆယ့်နှစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ စက္ခုန္ဒြေ သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေ မနိန္ဒြေ ဇီဝိတိန္ဒြေ သောမနဿိန္ဒြေ၊ (သို့မဟုတ်) ဥပေက္ခိန္ဒြေ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် ထိုသူတို့အားဤဣန္ဒြေ တစ်ဆယ့်နှစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်သူအား ဣန္ဒြေဆယ်ပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

အကြောင်း 'ဟိတ်' ရှိ၍ ဉာဏ်နှင့် ယှဉ်သည့် ပဋိသန္ဓေရှိကုန်သော၊ အမိဝမ်းတိုက်၌ ကိန်းအောင်း ပဋိသန္ဓေ တည်နေကုန်သော (ဂဗ္ဘသေယျက) သတ္တဝါတို့အား ပဋိသန္ဓေအခါ ဣန္ဒြေဆယ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကာယိန္ဒြေ မနိန္ဒြေ ဣတ္ထိန္ဒြေ၊ (သို့မဟုတ်) ပုရိသိန္ဒြေ ဇီဝိတိန္ဒြေ သောမနဿိန္ဒြေ၊ (သို့မဟုတ်) ဥပေက္ခိန္ဒြေ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေ။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် ထိုသူတို့အား ဤဣန္ဒြေဆယ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်သူအား ဣန္ဒြေကိုးပါးတို့ ထင်ရှား ဖြစ်ကုန်သနည်း။

အကြောင်း 'ဟိတ်' ရှိ၍ ဉာဏ်နှင့် မယှဉ်သည့် ပဋိသန္ဓေ ရှိကုန်သော အမိဝမ်းတိုက်၌ ကိန်းအောင်း ပဋိသန္ဓေ တည်နေကုန်သော (ဂဗ္ဘသေယျက) သတ္တဝါတို့အား ပဋိသန္ဓေအခါ ဣန္ဒြေကိုးပါးတို့ ထင်ရှား

ဖြစ်ကုန်၏။ ကာယိန္ဒြေ မနိန္ဒြေ ဣတ္ထိန္ဒြေ၊ (သို့မဟုတ်) ပုရိသိန္ဒြေ ဇီဝိတိန္ဒြေ သောမနဿိန္ဒြေ၊ (သို့မဟုတ်) ဥပေက္ခိန္ဒြေ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ၊ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် ထိုသူတို့အား ဤဣန္ဒြေ ကိုးပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်သူအား (တစ်နည်းအားဖြင့်) အခြား ဣန္ဒြေကိုးပါးတို့ ထင်ရှားဖြစ် ကုန်သနည်း။

ဣန္ဒြေ အပြည့်အစုံ ဖြစ်ထိုက်ကုန်သော၊ ကိုယ်ကောင်ထင်ရှား ဘွားကနဲဖြစ်ကုန် (ဥပပါတ်ပဋိသန္ဓေနေကုန်) သော ပြိတ္တာ၊ အသုရာ၊ တိရစ္ဆာန်နှင့် ငရဲသူတို့အား ပဋိသန္ဓေအခါ ဣန္ဒြေကိုးပါးတို့ ထင်ရှားဖြစ်ကုန်၏။ စက္ခုန္ဒြေ သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေ မနိန္ဒြေ ဣတ္ထိန္ဒြေ၊ (သို့မဟုတ်) ပုရိသိန္ဒြေ ဇီဝိတိန္ဒြေ ဥပေက္ခိန္ဒြေ။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် ထိုသူတို့အား ဤဣန္ဒြေကိုးပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်သူအား ဣန္ဒြေရှစ်ပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

ပဋိသန္ဓေအားဖြင့် ကန်းကုန်သော၊ ကိုယ်ကောင်ထင်ရှား ဘွားကနဲဖြစ်ကုန် (ဥပပါတ်ပဋိသန္ဓေနေကုန်) သော ပြိတ္တာ၊ အသုရာ၊ တိရစ္ဆာန်နှင့် ငရဲသူတို့အား ပဋိသန္ဓေအခါ ဣန္ဒြေရှစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေ မနိန္ဒြေ ဣတ္ထိန္ဒြေ၊ (သို့မဟုတ်) ပုရိသိန္ဒြေ ဇီဝိတိန္ဒြေ ဥပေက္ခိန္ဒြေ။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် ထိုသူတို့အား ဤဣန္ဒြေရှစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်သူအား (တစ်နည်းအားဖြင့်) အခြား ဣန္ဒြေရှစ်ပါးတို့ ထင်ရှား ဖြစ်ကုန်သနည်း။

ပဋိသန္ဓေအားဖြင့် နားပင်းကုန်သော၊ ကိုယ်ကောင်ထင်ရှား ဘွားကနဲဖြစ်ကုန် (ဥပပါတ်ပဋိသန္ဓေနေကုန်) သော ပြိတ္တာ၊ အသုရာ၊ တိရစ္ဆာန်နှင့် ငရဲသူတို့အား ပဋိသန္ဓေအခါ ဣန္ဒြေရှစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ စက္ခုန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေ မနိန္ဒြေ ဣတ္ထိန္ဒြေ၊ (သို့မဟုတ်) ပုရိသိန္ဒြေ ဇီဝိတိန္ဒြေ ဥပေက္ခိန္ဒြေ။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် ထိုသူတို့အား ဤဣန္ဒြေရှစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်သူအား ဣန္ဒြေခုနစ်ပါးတို့ ထင်ရှား ဖြစ်ကုန်သနည်း။

ပဋိသန္ဓေအားဖြင့် ကန်းလည်းကန်း ပင်းလည်း ပင်းကုန်သော၊ ကိုယ်ကောင်ထင်ရှား ဘွားကနဲဖြစ်ကုန် (ဥပပါတ်ပဋိသန္ဓေနေကုန်) သော ပြိတ္တာ၊ အသုရာ၊ တိရစ္ဆာန်နှင့် ငရဲသူတို့အား ပဋိသန္ဓေအခါ ဣန္ဒြေခုနစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေ မနိန္ဒြေ ဣတ္ထိန္ဒြေ၊ (သို့မဟုတ်) ပုရိသိန္ဒြေ ဇီဝိတိန္ဒြေ ဥပေက္ခိန္ဒြေ။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် ထိုသူတို့အား ဤဣန္ဒြေခုနစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်သူအား ဣန္ဒြေငါးပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

အကြောင်း 'ဟိတ်' မရှိသည့် (အဟိတ်) ပဋိသန္ဓေ ရှိကုန်သော၊ အမိဝမ်းတိုက်၌ ကိန်းအောင်း ပဋိသန္ဓေ တည်နေကုန်သော (ဂဗ္ဘသေယျက) သတ္တဝါတို့အား နပုံးဖြစ်သူတို့ကို ထား၍ ပဋိသန္ဓေအခါ ဣန္ဒြေ ငါးပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကာယိန္ဒြေ မနိန္ဒြေ ဣတ္ထိန္ဒြေ၊ (သို့မဟုတ်) ပုရိသိန္ဒြေ ဇီဝိတိန္ဒြေ ဥပေက္ခိန္ဒြေ။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် ထိုသူတို့အား ဤဣန္ဒြေငါးပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်သူအား ဣန္ဒြေလေးပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

အကြောင်း 'ဟိတ်' မရှိသည့် (အဟိတ်) ပဋိသန္ဓေ ရှိကုန်သော၊ နပုံးဖြစ်ကုန်သော၊ အမိဝမ်းတွင်း၌ ကိန်းအောင်း ပဋိသန္ဓေ တည်နေကုန်သော (ဂဗ္ဘသေယျက) သတ္တဝါတို့အား ပဋိသန္ဓေအခါ ဣန္ဒြေ လေးပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကာယိန္ဒြေ မနိန္ဒြေ ဇီဝိတိန္ဒြေ ဥပေက္ခိန္ဒြေ။ ကာမဓာတ်၌ ပဋိသန္ဓေ အခိုက် ထိုသူတို့အား ဤဣန္ဒြေလေးပါးတို့ ထင်ရှားဖြစ်ကုန်၏။

## (၆) ဟိတ်တရားများ

၁၀၁၃။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်သူအား ဟိတ်သုံးပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

အကြောင်း 'ဟိတ်' ရှိ၍ ဉာဏ်နှင့်ယှဉ်သည့် ပဋိသန္ဓေ ရှိကုန်သော ကာမာဝစရနတ်၊ ကမ္ဘာဦးလူ၊ အမိဝမ်းတိုက်၌ ကိန်းအောင်း ပဋိသန္ဓေ တည်နေသော (ဂဗ္ဘသေယျက) သတ္တဝါတို့အား ပဋိသန္ဓေအခါ အကြောင်း 'ဟိတ်' သုံးပါးတို့ ထင်ရှားဖြစ်ကုန်၏။ မလိုချင်မှု 'အလောဘ' ဟူသော အကျိုး (ဝိပါက်) ဟိတ်၊ မပြစ်မှားမှု 'အဒေါသ' ဟူသော အကျိုး (ဝိပါက်) ဟိတ်၊ မတွေဝေမှု 'အမောဟ' ဟူသော အကျိုး (ဝိပါက်) ဟိတ်။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် ထိုသူတို့အား ဤအကြောင်း 'ဟိတ်' သုံးပါးတို့ ထင်ရှားဖြစ်ကုန်၏။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်သူအား အကြောင်း 'ဟိတ်' နှစ်ပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

အကြောင်း (ဟိတ်) ရှိ၍ ဉာဏ်နှင့် မယှဉ်သည့် ပဋိသန္ဓေ ရှိကုန်သော ကာမာဝစရနတ်၊ ကမ္ဘာဦးလူ၊ အမိဝမ်းတိုက်၌ ကိန်းအောင်းပဋိသန္ဓေ တည်နေသော (ဂဗ္ဘသေယျက) သတ္တဝါတို့အား ပဋိသန္ဓေအခါ အကြောင်း 'ဟိတ်' နှစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ မလိုချင်မှု 'အလောဘ' ဟူသော အကျိုး (ဝိပါက်) ဟိတ်၊ မပြစ်မှားမှု 'အဒေါသ' ဟူသော အကျိုး (ဝိပါက်) ဟိတ်။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် ထိုသူတို့အား ဤအကြောင်း (ဟိတ်) နှစ်ပါးတို့ ထင်ရှား ဖြစ်ကုန်၏။ ကြွင်းသော သတ္တဝါတို့ကား အကြောင်း (ဟိတ်) မပါဘဲ ထင်ရှားဖြစ်ကုန်၏။

## (၇) အာဟာရတရားများ

၁၀၁၄။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် သူခပ်သိမ်းတို့အား အဘယ် အာဟာရလေးပါးတို့ ထင်ရှားဖြစ်ကုန်သနည်း-

အလုတ်အလွေး ပြုအပ်သော 'ကဗဠီကာရ' အာဟာရ၊ တွေ့ထိမှု 'ဖဿ' အာဟာရ၊ စိတ်စေ့ဆော်မှု 'မနောသဉ္စေတနာ' အာဟာရ၊ သိမှု 'ဝိညာဏ' အာဟာရ။ ကာမဓာတ်၌ ပဋိသန္ဓေအခိုက်သူ ခပ်သိမ်းတို့အား ဤအာဟာရလေးပါးတို့ ထင်ရှားဖြစ်ကုန်၏။

## (၈) ဖဿတရားများ

ကာမဓာတ်၌ ပဋိသန္ဓေအခိုက် သူခပ်သိမ်းတို့အား အဘယ်တွေ့ထိမှု 'ဖဿ' တစ်ပါး ထင်ရှားဖြစ်သနည်း။

မနောဝိညာဏဓာတ်အတွေ့၊ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် သူခပ်သိမ်းတို့အား ဤတွေ့ထိမှု 'ဖဿ' တစ်ပါး ထင်ရှားဖြစ်၏။

## (၉-၁၂) ဝေဒနာစသည့် တရားများ

ကာမဓာတ်၌ ပဋိသန္ဓေအခိုက် သူခပ်သိမ်းတို့အား-အဘယ်ခံစားမှု 'ဝေဒနာ' တစ်ပါး ထင်ရှားဖြစ်သနည်း။ပ။

သိမှတ်မှု 'သညာ' တစ်ပါး ထင်ရှားဖြစ်သနည်း။ပ။

စေ့ဆော်မှု 'စေတနာ' တစ်ပါး ထင်ရှားဖြစ်သနည်း။ပ။

စိတ်တစ်ပါး ထင်ရှားဖြစ်သနည်း။

အထူးသိမှု သဘော 'မနောဝိညာဏဓာတ်'၊ ကာမဓာတ်၌ ပဋိသန္ဓေအခိုက် သူခပ်သိမ်းတို့အား ဤစိတ်တစ်ပါး ထင်ရှားဖြစ်၏။

## ဓမ္မဟာဒယဝိဘင်္ဂ

### ၂ - ရူပဓာတ်တရားများ

### အမေးပုစ္ဆာ

၁၀၁၅။ ရူဓာတ်၌ ပဋိသန္ဓေအခါ အဘယ်မျှသော ခန္ဓာတို့ ထင်ရှား ဖြစ်ကုန်သနည်း။ပ။ အဘယ်မျှ သော စိတ်တို့ ထင်ရှားဖြစ်ကုန်သနည်း-

### အဖြေဝိသဇ္ဇနာ အကျဉ်း

ရူပဓာတ်၌ ပဋိသန္ဓေအခါ အသညသတ်ပြဟ္မာတို့ကို ချန်ထား၍ ခန္ဓာငါးပါးတို့ ထင်ရှားဖြစ်ကုန်၏။ အာယတနငါးပါးတို့ ထင်ရှားဖြစ်ကုန်၏။ ဓာတ်ငါးပါးတို့ ထင်ရှားဖြစ်ကုန်၏။ သစ္စာတစ်ပါး ထင်ရှား ဖြစ်၏။ ဣန္ဒြေဆယ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ ဟိတ်သုံးပါးတို့ ထင်ရှားဖြစ်ကုန်၏။ အာဟာရသုံးပါးတို့ ထင်ရှားဖြစ်ကုန်၏။ တွေ့ထိမှု 'ဖဿ' တစ်ပါး ထင်ရှားဖြစ်၏။

ခံစားမှု 'ဝေဒနာ' တစ်ပါး ထင်ရှားဖြစ်၏။ သိမှတ်မှု 'သညာ' တစ်ပါး ထင်ရှားဖြစ်၏။ စေ့ဆော်မှု 'စေတနာ' တစ်ပါး ထင်ရှားဖြစ်၏။ စိတ်တစ်ပါး ထင်ရှားဖြစ်၏။

## ဓမ္မဟာဒယဝိဘင်္ဂ

### အဖြေဝိသဇ္ဇနာ အကျယ်ဖွင့်ပြခြင်း

### (၁) ခန္ဓာတရားများ

၁၀၁၆။ ရူပဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်ခန္ဓာငါးပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ၊ ရူပဓာတ်၌ ပဋိသန္ဓေအခိုက် ဤခန္ဓာငါးပါးတို့ ထင်ရှားဖြစ်ကုန်၏။

### (၂) အာယတနတရားများ

ရူပဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်အာယတနငါးပါးတို့ ထင်ရှားဖြစ်ကုန်သနည်း-

စက္ခာယတန၊ ရူပါယတန၊ သောတာယတန၊ မနာယတန၊ ဓမ္မာယတန။ ရူပဓာတ်၌ ပဋိသန္ဓေအခိုက် ဤအာယတနငါးပါးတို့ ထင်ရှားဖြစ်ကုန်၏။

### (၃) ဓာတ်တရားများ

ရူပဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်ဓာတ်ငါးပါးတို့ ထင်ရှားဖြစ်ကုန်သနည်း-

စက္ခုဓာတ်၊ ရူပဓာတ်၊ သောတဓာတ်၊ မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်။ ရူပဓာတ်၌ ပဋိသန္ဓေအခိုက် ဤဓာတ်ငါးပါးတို့ ထင်ရှားဖြစ်ကုန်၏။

## (၄) သစ္စာတရား

ရူပဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်သစ္စာတစ်ပါး ထင်ရှားဖြစ်သနည်း-

ဒုက္ခသစ္စာ။ ရူပဓာတ်၌ ပဋိသန္ဓေအခိုက် ဤသစ္စာတစ်ပါး ထင်ရှားဖြစ်၏။

## (၅) ဣန္ဒြေတရားများ

ရူပဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်ဣန္ဒြေဆယ်ပါးတို့ ထင်ရှားဖြစ်ကုန်သနည်း-

စက္ခုန္ဒြေ သောတိန္ဒြေ မနိန္ဒြေ ဇီဝိတိန္ဒြေ သောမနဿိန္ဒြေ၊ (သို့မဟုတ်) ဥပေက္ခိန္ဒြေ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေ။ ရူပဓာတ်၌ ပဋိသန္ဓေအခိုက် ဤဣန္ဒြေ ဆယ်ပါးတို့ ထင်ရှား ဖြစ်ကုန်၏။

## (၆) ဟိတ်တရားများ

ရူပဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်အကြောင်း 'ဟိတ်' သုံးပါးတို့ ထင်ရှားဖြစ်ကုန်သနည်း-

မလိုချင်မှု 'အလောဘ' ဟူသော အကျိုးဝိပါက်ဟိတ်၊ မပြစ်မှားမှု 'အဒေါသ' ဟူသော အကျိုး ဝိပါက်ဟိတ်၊ မတွေဝေမှု 'အမောဟ' ဟူသော အကျိုး 'ဝိပါက်' ဟိတ်။ ရူပဓာတ်၌ ပဋိသန္ဓေအခိုက် ဤအကြောင်း 'ဟိတ်' သုံးပါးတို့ ထင်ရှားဖြစ်ကုန်၏။

## (၇) အာဟာရတရားများ

ရူပဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်အာဟာရသုံးပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

တွေ့ထိမှု 'ဖဿ' အာဟာရ၊ စိတ်စေ့ဆော်မှု 'မနောသဉ္စေတနာ' အာဟာရ၊ သိမှု 'ဝိညာဏ' အာဟာရ။ ရူပဓာတ်၌ ပဋိသန္ဓေအခိုက် ဤအာဟာရသုံးပါးတို့ ထင်ရှားဖြစ်ကုန်၏။

## (၈) ဖဿတရား

ရူပဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်တွေ့ထိမှု 'ဖဿ' တစ်ပါး ထင်ရှားဖြစ်သနည်း။

မနောဝိညာဏဓာတ်အတွေ့၊ ရူပဓာတ်၌ ပဋိသန္ဓေအခိုက် ဤတွေ့ထိမှု 'ဖဿ' တစ်ပါး ထင်ရှား ဖြစ်၏။

## (၉-၁၂) ဝေဒနာတရားစသည်

ရူပဓာတ်၌ ပဋိသန္ဓေအခိုက်-အဘယ်ခံစားမှု 'ဝေဒနာ' တစ်ပါး ထင်ရှားဖြစ်သနည်း။ပ။

သိမှတ်မှု 'သညာ' တစ်ပါး ထင်ရှားဖြစ်သနည်း။ပ။

စေ့ဆော်မှု 'စေတနာ' တစ်ပါး ထင်ရှားဖြစ်သနည်း။ပ။

စိတ်တစ်ပါး ထင်ရှားဖြစ်သနည်း။ အထူးသိမှု သဘော 'မနောဝိညာဏဓာတ်'၊ ရူပဓာတ်၌ ပဋိသန္ဓေ အခိုက် ဤစိတ်တစ်ပါး ထင်ရှားဖြစ်၏။

# ဓမ္မဟာဒယပိဘာဂ်

## ၃ - အသညသတ်ပြဟ္မာ

### အမေးပုစ္ဆာ

၁၀၁၇။ အသညသတ်ပြဟ္မာတို့အား ပဋိသန္ဓေအခိုက် အဘယ်မျှသော ခန္ဓာတို့ ထင်ရှားဖြစ်ကုန်သနည်း။ပ။ အဘယ်မျှသော စိတ်တို့ ထင်ရှားဖြစ်ကုန်သနည်း-

### အဖြေဝိသဇ္ဇနာ

အသညသတ်ပြဟ္မာတို့အား ပဋိသန္ဓေအခိုက် ခန္ဓာတစ်ပါး ထင်ရှားဖြစ်၏၊ ရူပက္ခန္ဓာတည်း။

အာယတနနှစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ ရူပါယတန၊ ဓမ္မာယတနတို့တည်း။

ဓာတ်နှစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ ရူပဓာတ်၊ ဓမ္မဓာတ်တို့တည်း။

သစ္စာတစ်ပါး ထင်ရှားဖြစ်၏။ ဒုက္ခသစ္စာတည်း။

ဣန္ဒြေတစ်ပါး ထင်ရှားဖြစ်၏။ ရုပ်ဇီဝိတိန္ဒြေတည်း။

အသညသတ်ပြဟ္မာတို့သည် ဟိတ်မပါဘဲ၊ အာဟာရမပါဘဲ၊ တွေ့ထိမှု 'ဖဿ' မပါဘဲ၊ ခံစားမှု 'ဝေဒနာ' မပါဘဲ၊ သိမှတ်မှု 'သညာ' မပါဘဲ၊ စေ့ဆော်မှု 'စေတနာ' မပါဘဲ၊ စိတ်မပါဘဲ ထင်ရှားဖြစ်ကုန်၏။

# ဓမ္မဟဒယဝိဘင်္ဂ

## ၄ - အရူပဓာတ်တရားများ

### အမေးပုစ္ဆာ

၁၀၁၈။ အရူပဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်မျှသော ခန္ဓာတို့ ထင်ရှား ဖြစ်ကုန်သနည်း။ပ။

အဘယ်မျှသော စိတ်တို့ ထင်ရှားဖြစ်ကုန်သနည်း-

### အဖြေဝိသဇ္ဇနာအကျဉ်း

အရူပဓာတ်၌ ပဋိသန္ဓေအခိုက် ခန္ဓာလေးပါးတို့ ထင်ရှားဖြစ်ကုန်၏။ အာယတနနှစ်ပါးတို့ ထင်ရှား ဖြစ်ကုန်၏။ ဓာတ်နှစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။ သစ္စာတစ်ပါး ထင်ရှားဖြစ်၏။ ဣန္ဒြေရှစ်ပါးတို့ ထင်ရှား ဖြစ်ကုန်၏။ အကြောင်း 'ဟိတ်' သုံးပါးတို့ ထင်ရှားဖြစ်ကုန်၏။ အာဟာရသုံးပါးတို့ ထင်ရှားဖြစ်ကုန်၏။ တွေ့ထိမှု 'ဖဿ' တစ်ပါး ထင်ရှားဖြစ်၏။ ခံစားမှု 'ဝေဒနာ' တစ်ပါး ထင်ရှားဖြစ်၏။ သိမှတ်မှု 'သညာ' တစ်ပါး ထင်ရှားဖြစ်၏။ စေ့ဆော်မှု 'စေတနာ' တစ်ပါး ထင်ရှားဖြစ်၏။ စိတ်တစ်ပါး ထင်ရှားဖြစ်၏။

### အဖြေဝိသဇ္ဇနာအကျယ် ဖွင့်ပြခြင်း

#### (၁) ခန္ဓာတရား

၁၀၁၉။ အရူပဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်ခန္ဓာလေးပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ၊ အရူပဓာတ်၌ ပဋိသန္ဓေအခိုက် ဤခန္ဓာ လေးပါးတို့ ထင်ရှားဖြစ်ကုန်၏။

#### (၂) အာယတနတရား

အရူပဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်အာယတနနှစ်ပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

မနာယတန၊ ဓမ္မာယတန။ အရူပဓာတ်၌ ပဋိသန္ဓေအခိုက် ဤအာယတနနှစ်ပါးတို့ ထင်ရှားဖြစ်ကုန် ၏။

#### (၃) ဓာတ်တရား

အရူပဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်ဓာတ်နှစ်ပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

မနောဝိညာဏဓာတ်၊ ဓမ္မဓာတ်။ အရူပဓာတ်၌ ပဋိသန္ဓေအခိုက် ဤဓာတ်နှစ်ပါးတို့ ထင်ရှားဖြစ် ကုန်၏။

#### (၄) သစ္စာတရား

အရူပဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်သစ္စာတစ်ပါး ထင်ရှားဖြစ်သနည်း။

ဒုက္ခသစ္စာ။ အရူပဓာတ်၌ ပဋိသန္ဓေအခိုက် ဤသစ္စာတစ်ပါး ထင်ရှားဖြစ်၏။

## (၅) ဣန္ဒြေတရား

အရူပဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်ဣန္ဒြေရှစ်ပါးတို့ ထင်ရှားဖြစ်ကုန်သနည်း။

မနိန္ဒြေ ဇီဝိတိန္ဒြေ ဥပေက္ခိန္ဒြေ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေ။ အရူပဓာတ်၌ ပဋိသန္ဓေအခိုက် ဤဣန္ဒြေရှစ်ပါးတို့ ထင်ရှားဖြစ်ကုန်၏။

## (၆) ဟိတ်တရား

အရူပဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်အကြောင်း 'ဟိတ်'သုံးပါးတို့ ထင်ရှားဖြစ်သနည်း။

မလိုချင်မှု 'အလောဘ' ဟူသော အကျိုး (ဝိပါက်) ဟိတ်၊ မပြစ်မှားမှု 'အဒေါသ' ဟူသော အကျိုး (ဝိပါက်) ဟိတ်၊ မတွေဝေမှု 'အမောဟ' ဟူသော အကျိုး (ဝိပါက်) ဟိတ်။ အရူပဓာတ်၌ ပဋိသန္ဓေအခိုက် ဤအကြောင်း (ဟိတ်) သုံးပါးတို့ ထင်ရှားဖြစ်ကုန်၏။

## (၇) အာဟာရတရား

အရူပဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်အာဟာရသုံးပါးတို့ ထင်ရှားဖြစ်သနည်း။

တွေ့ထိမှု 'ဖဿ' အာဟာရ၊ စိတ်စေ့ဆော်မှု 'မနောသဉ္စေတနာ' အာဟာရ၊ သိမှု 'ဝိညာဏ' အာဟာရ။ အရူပဓာတ်၌ ပဋိသန္ဓေအခိုက် ဤအာဟာရသုံးပါးတို့ ထင်ရှားဖြစ်ကုန်၏။

## (၈) ဖဿတရား

အရူပဓာတ်၌ ပဋိသန္ဓေအခိုက် အဘယ်တွေ့ထိမှု 'ဖဿ' တစ်ပါး ထင်ရှားဖြစ်သနည်း။

မနောဝိညာဏဓာတ်အတွေ့။ အရူပဓာတ်၌ ပဋိသန္ဓေအခိုက် ဤတွေ့ထိမှု 'ဖဿ' တစ်ပါး ထင်ရှားဖြစ်၏၊

## (၉-၁၂) ဝေဒနာတရား စသည်

အရူပဓာတ်၌ ပဋိသန္ဓေအခိုက်-အဘယ်ခံစားမှု 'ဝေဒနာ' တစ်ပါး ထင်ရှားဖြစ်သနည်း။ပ။

သိမှတ်မှု 'သညာ' တစ်ပါး ထင်ရှားဖြစ်သနည်း။ပ။

စေ့ဆော်မှု 'စေတနာ' တစ်ပါး ထင်ရှားဖြစ်သနည်း။ပ။

စိတ်တစ်ပါး ထင်ရှားဖြစ်သနည်း- အထူးသိမှု သဘော 'မနောဝိညာဏဓာတ်'၊ အရူပဓာတ်၌ ပဋိသန္ဓေအခိုက် ဤစိတ်တစ်ပါး ထင်ရှား ဖြစ်၏။

# ဓမ္မဟာဒယဝိဘင်္ဂ

## ၅ - ဘူမန္တရဒဿနဝါရ

## (ဘုံအပိုင်းအခြားကို ပြသော ဝါရ) အကျဉ်းပြခြင်း

၁၀၂၀။ ကာမဘုံ၌ ဖြစ်သောတရားများ၊ ကာမဘုံ၌ မဖြစ်သောတရားများ၊ ရူပဘုံ၌ ဖြစ်သော တရားများ၊ ရူပဘုံ၌ မဖြစ်သော တရားများ၊ အရူပဘုံ၌ ဖြစ်သော တရားများ၊ အရူပဘုံ၌ မဖြစ်သော တရားများ၊ ဘုံသုံးပါး၌ အကျုံးဝင်သော တရားများ၊ ဘုံသုံးပါး၌ အကျုံးမဝင်သော တရားများ။ အကျယ်ဖွင့်ပြခြင်း အဘယ်တို့သည် ကာမဘုံ၌ ဖြစ်သောတရားတို့ မည်သနည်း။

အောက်အရပ်ဝယ် အဝီစိငရဲကို အပိုင်းအခြားပြု၍ အထက်အရပ်ဝယ် ပရနိမ္မိတဝသဝတ္တီနတ်တို့က အတွင်း (အဆုံး) ပြု၍ ဤအကြား၌ ဖြစ်ကုန်သော၊ ဤအကြား၌ အကျုံးဝင်ကုန်သော ခန္ဓာ, ဓာတ်, အာယတန, ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့သည် ရှိကုန်၏။ ဤတရားတို့သည် ကာမဘုံ၌ ဖြစ်သောတရားတို့ မည်ကုန်၏။

အဘယ်တို့သည် ကာမဘုံ၌ မဖြစ်သောတရားတို့ မည်သနည်း။

ရူပဘုံ၌ ဖြစ်သော တရား၊ အရူပဘုံ၌ ဖြစ်သော တရား၊ ဘုံသုံးပါး၌ အကျုံးမဝင်သော တရားတို့သည် ရှိကုန်၏၊ ဤတရားတို့သည် ကာမဘုံ၌ မဖြစ်သောတရား တို့ မည်ကုန်၏။

အဘယ်တို့သည် ရူပဘုံ၌ ဖြစ်သောတရားတို့ မည်သနည်း။

အောက်အရပ်ဝယ် (ပဌမစျာန်ဘုံဟူသော) ဗြဟ္မာ့လောကကို အဆုံး အပိုင်းအခြားပြု၍ အထက်အရပ်ဝယ် အကနိဋ္ဌဗြဟ္မာတို့ကို အတွင်းပြု၍ ဤအကြား၌ ဖြစ်ကုန်သော၊ ဤအကြား၌ အကျုံးဝင်ကုန်သော စျာန်သမာပတ် ဝင်စားသူ၏ လည်းကောင်း၊ ပဋိသန္ဓေနေသူ၏ လည်းကောင်း၊ မျက်မှောက်ဘဝ၌ စျာန်ချမ်းသာဖြင့် နေခြင်းရှိသူ၏ လည်းကောင်း စိတ်စေတသိက်တရားတို့သည် ရှိကုန်၏၊ ဤတရားတို့သည် ရူပဘုံ၌ ဖြစ်သောတရားတို့ မည်ကုန်၏။

အဘယ်တို့သည် ရူပဘုံ၌ မဖြစ်သော တရားတို့ မည်သနည်း။

ကာမဘုံ၌ ဖြစ်သော တရား၊ အရူပဘုံ၌ ဖြစ်သော တရား၊ ဘုံသုံးပါး၌ အကျုံးမဝင်သော တရားတို့သည်ရှိကုန်၏၊ ဤတရားတို့သည် ရူပဘုံ၌ မဖြစ်သောတရားတို့ မည်ကုန်၏။

အဘယ်တို့သည် အရူပဘုံ၌ ဖြစ်သောတရားတို့ မည်သနည်း။

အောက်အရပ်ဝယ် အာကာသာနဉ္စာယတနစျာန်သို့ ကပ်ရောက်ကုန်သော ဗြဟ္မာတို့ကို အဆုံး အပိုင်းအခြား ပြု၍ အထက်အရပ်ဝယ် နေဝသညာနာသညာယတနစျာန်သို့ ကပ်ရောက်ကုန်သော ဗြဟ္မာတို့ကို အတွင်းပြု၍ ဤအကြား၌ ဖြစ်ကုန်သော ဤအကြား၌ အကျုံးဝင်ကုန်သော စျာန်သမာပတ် ဝင်စားသူ၏ လည်းကောင်း၊ ပဋိသန္ဓေနေသူ၏ လည်းကောင်း၊ မျက်မှောက်ဘဝ၌ စျာန်ချမ်းသာဖြင့် နေခြင်း ရှိသူ၏ လည်းကောင်း စိတ်စေတသိက်တရားတို့သည် ရှိကုန်၏၊ ဤတရားတို့သည် အရူပဘုံ၌ ဖြစ်သောတရားတို့ မည်ကုန်၏။

အဘယ်တို့သည် အရူပဘုံ၌ မဖြစ်သောတရားတို့ မည်သနည်း။

ကာမဘုံ၌ ဖြစ်သော တရား၊ ရူပဘုံ၌ ဖြစ်သော တရား၊ ဘုံသုံးပါး၌ အကျုံးမဝင်သော တရားတို့သည်ရှိကုန်၏။ ဤတရားတို့သည် အရူပဘုံ၌ မဖြစ်သောတရားတို့ မည်ကုန်၏။

အဘယ်တို့သည် ဘုံသုံးပါး၌ အကျုံးဝင်သော တရားတို့ မည်သနည်း။

အာသဝတို့၏ အာရုံဖြစ်သော ကုသိုလ် အကုသိုလ် အဗျာကတတရားတို့ ရှိကုန်၏၊ ကာမဘုံ၌ ဖြစ်ကုန်သော၊ ရူပဘုံ၌ ဖြစ်ကုန်သော၊ အရူပဘုံ၌ ဖြစ်ကုန်သော ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာတို့သည် ရှိကုန်၏။ ဤတရားတို့သည် ဘုံသုံးပါး၌ အကျုံးဝင်သော တရားတို့ မည်ကုန်၏။

အဘယ်တို့သည် ဘုံသုံးပါး၌ အကျုံးမဝင်သော တရားတို့ မည်သနည်း။

မဂ်တို့သည် လည်းကောင်း၊ မဂ်၏အကျိုး (ဖိုလ်) တို့သည် လည်းကောင်း၊ အသင်္ခတဓာတ် (နိဗ္ဗာန်) သည် လည်းကောင်း ရှိ၏၊ ဤသည်တို့သည် ဘုံသုံးပါး၌ အကျုံးမဝင်သော တရားတို့ မည်ကုန်၏။

# ဓမ္မဟာဒယပိဘာဂ်

## ၆ - ဥပ္ပါဒကကမ္မ အာယုပ္ပမာဏဝါရ

## (ဖြစ်ကြောင်းကံနှင့် အသက်အပိုင်းအခြားကို ပြသော ဝါရ)

## ၁ - ဥပ္ပါဒကကမ္မ

## (အကြောင်းကံကို ပြဆိုခြင်း)

၁၀၂၁။ နတ်ဟူရာ၌ နတ်တို့သည် သုံးမျိုးတို့တည်း၊ သမုတ်သောအားဖြင့် ဖြစ်သော 'သမ္မုတိ' နတ်၊ ဥပပါတ် ပဋိသန္ဓေအားဖြင့်ဖြစ်သော 'ဥပပတ္တိ'နတ်၊ ကိလေသာ စင်ကြယ်သောအားဖြင့် ဖြစ်သော 'ဝိသုဒ္ဓိ' နတ်တို့တည်း။

သမုတ်သောအားဖြင့်ဖြစ်သော 'သမ္မုတိ' နတ်တို့မည်သည်- မင်း, မိဖုရား, မင်းသား တို့တည်း။

ဥပပါတ်ပဋိသန္ဓေအားဖြင့်ဖြစ်သော 'ဥပပတ္တိ' နတ်တို့မည်သည်- စာတုမဟာရာဇ်နတ်တို့ကို အစ ပြု၍၊ ထို၏ အထက်၌ ဖြစ်သော နတ်တို့တည်း။

ကိလေသာ စင်ကြယ်သောအားဖြင့်ဖြစ်သော 'ဝိသုဒ္ဓိ' နတ်တို့ မည်သည်- "ဘုရား ရဟန္တာတို့တည်း" ဟုဆိုအပ်ကုန်၏။ အလှူပေး၍ သီလဆောက်တည်ပြီး ဥပုသ်စောင့်သုံးခြင်း အမှုကို ပြုသည်ရှိသော် အဘယ်သို့ ကပ်ရောက်ကုန်သနည်း-အလှူပေး၍ သီလဆောက်တည်ပြီး ဥပုသ်စောင့်သုံးခြင်း အမှုကို ပြုသည်ရှိသော် အချို့သူတို့သည် များသော ဥစ္စာနှစ်ရှိသည့် မင်းမျိုးတို့၏ အပေါင်းအဖော် အဖြစ်သို့ ကပ်ရောက်ကုန်၏၊ အချို့သူတို့သည် များသော ဥစ္စာနှစ်ရှိသည့် ပုဏ္ဏားမျိုးတို့၏ အပေါင်းအဖော် အဖြစ်သို့ ကပ်ရောက်ကုန်၏၊ အချို့သူတို့သည် များသော ဥစ္စာနှစ်ရှိသော သူကြွယ်မျိုးတို့၏ အပေါင်း အဖော် အဖြစ်သို့ ကပ်ရောက်ကုန်၏၊ အချို့သူတို့သည် စာတုမဟာရာဇ်နတ်တို့၏ အပေါင်းအဖော် အဖြစ်သို့ ကပ်ရောက်ကုန်၏၊ အချို့သူတို့သည် တာဝတိံသာနတ်တို့၏ အပေါင်းအဖော် အဖြစ်သို့ ကပ်ရောက်ကုန်၏၊ အချို့သူတို့သည် ယာမာနတ်တို့၏ အပေါင်းအဖော် အဖြစ်သို့ ကပ်ရောက်ကုန်၏၊ အချို့သူတို့သည် တုသိတာနတ်တို့၏ အပေါင်းအဖော် အဖြစ်သို့ ကပ်ရောက်ကုန်၏၊ အချို့သူတို့သည် နိမ္မာနရတိနတ်တို့၏ အပေါင်းအဖော် အဖြစ်သို့ ကပ်ရောက်ကုန်၏၊ အချို့သူတို့သည် ပရနိမ္မိတဝသဝတ္တီ နတ်တို့၏ အပေါင်းအဖော် အဖြစ်သို့ ကပ်ရောက်ကုန်၏။

# ဓမ္မဟာဒယဝိဘင်္ဂ

## ၂ - အာယုပ္ပမာဏ

## (အသက်အပိုင်းအခြားကို ပြဆိုခြင်း)

## (၁) လူ့သက်တမ်း

၁၀၂၂။ လူတို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

အနှစ်တစ်ရာသော်လည်းကောင်း၊ ထို့အနှစ်တစ်ရာထက် အလွန် အနည်းငယ်သော် လည်းကောင်း ဖြစ်၏။

## (၂) စာတုမဟာရာဇ်နတ်သက်

၁၀၂၃။ စာတုမဟာရာဇ်နတ်တို့၏ အသက် အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

လူ၌ ဖြစ်သော အနှစ်ငါးဆယ်သည် စာတုမဟာရာဇ်နတ်တို့၏ နေ့ညဥ့်တစ်ခုတည်း၊ ထိုညဥ့်ဖြင့် ညဥ့်သုံးဆယ်တို့သည် တစ်လတည်း၊ ထိုလဖြင့် တစ်ဆယ့်နှစ်လတို့သည် တစ်နှစ်တည်း၊ ထိုနှစ်ဖြင့် နတ်၌ ဖြစ်သော အနှစ်ငါးရာသည် စာတုမဟာရာဇ်နတ်တို့၏ အသက်အတိုင်းအရှည်တည်း။

စာတုမဟာရာဇ်နတ်တို့၏ အသက် အတိုင်းအရှည်သည် လူတို့၏ အရေအတွက်အားဖြင့် အဘယ်မျှ ရှိသနည်း။

အနှစ်ကိုးသန်းတို့တည်း။

## (၃) တာဝတိံသာနတ်သက်

တာဝတိံသာနတ်တို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

လူ၌ ဖြစ်သော အနှစ်တစ်ရာသည် တာဝတိံသာနတ်တို့၏ နေ့ ညဥ့်တစ်ခုတည်း၊ ထိုညဥ့်ဖြင့် ညဥ့်သုံးဆယ်တို့သည် တစ်လတည်း၊ ထိုလဖြင့် တစ်ဆယ့်နှစ်လတို့သည် တစ်နှစ်တည်း၊ ထိုနှစ်ဖြင့် နတ်၌ ဖြစ်သော အနှစ်တစ်ထောင်သည် တာဝတိံသာနတ်တို့၏ အသက်အတိုင်းအရှည်တည်း။

တာဝတိံသာနတ်တို့၏ အသက် အတိုင်းအရှည်သည် လူတို့၏ အရေအတွက်အားဖြင့် အဘယ်မျှ ရှိသနည်း။

အနှစ်သုံးကုဋေ ခြောက်သန်းတို့တည်း။

## (၄) ယာမာနတ်သက်

ယာမာနတ်တို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

လူ၌ ဖြစ်သော အနှစ်နှစ်ရာတို့သည် ယာမာနတ်တို့၏ နေ့ ညဉ့်တစ်ခုတည်း၊ ထိုညဉ့်ဖြင့် ညဉ့်သုံးဆယ်တို့သည် တစ်လတည်း၊ ထိုလဖြင့် တစ်ဆယ့်နှစ်လတို့သည် တစ်နှစ်တည်း၊ ထိုနှစ်ဖြင့် နတ်၌ ဖြစ်သော အနှစ်နှစ်ထောင်တို့သည် ယာမာနတ်တို့၏ အသက်အတိုင်းအရှည်တည်း။

ယာမာနတ်တို့၏ အသက် အတိုင်းအရှည်သည် လူတို့၏ အရေအတွက်အားဖြင့် အဘယ်မျှ ရှိသနည်း။

အနှစ် တစ်ဆယ့်လေးကုဋေ လေးသန်းတို့တည်း။

## (၅) တုသိတာနတ်သက်

တုသိတာနတ်တို့၏ အသက် အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း-

လူ၌ ဖြစ်သော အနှစ်လေးရာတို့သည် တုသိတာနတ်တို့၏ နေ့ ညဉ့်တစ်ခုတည်း၊ ထိုညဉ့်ဖြင့် ညဉ့်သုံးဆယ်တို့သည် တစ်လတည်း၊ ထိုလဖြင့် တစ်ဆယ့်နှစ်လတို့သည် တစ်နှစ်တည်း၊ ထိုနှစ်ဖြင့် နတ်၌ ဖြစ်သော အနှစ်လေးထောင်တို့သည် တုသိတာနတ်တို့၏ အသက် အတိုင်းအရှည်တည်း။

တုသိတာနတ်တို့၏ အသက် အတိုင်းအရှည်သည် လူတို့၏ အရေအတွက်အားဖြင့် အဘယ်မျှ ရှိသနည်း-

နှစ်ပေါင်း ငါးဆယ့်ခုနစ်ကုဋေခြောက်သန်းတို့တည်း။

## (၆) နိမ္မာနရတိနတ်သက်

နိမ္မာနရတိနတ်တို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း-

လူ၌ ဖြစ်သော အနှစ်ရှစ်ရာတို့သည် နိမ္မာနရတိနတ်တို့၏ နေ့ ညဉ့်တစ်ခုတည်း၊ ထိုညဉ့်ဖြင့် ညဉ့်သုံးဆယ်တို့သည် တစ်လတည်း၊ ထိုလဖြင့် တစ်ဆယ့်နှစ်လတို့သည် တစ်နှစ်တည်း၊ ထိုနှစ်ဖြင့် နတ်၌ ဖြစ်သော အနှစ်ရှစ်ထောင်တို့သည် နိမ္မာနရတိနတ်တို့၏ အသက် အတိုင်းအရှည်တည်း။

နိမ္မာနရတိနတ်တို့၏ အသက် အတိုင်းအရှည်သည် လူတို့၏ အရေအတွက်အားဖြင့် အဘယ်မျှ ရှိသနည်း။

နှစ်ပေါင်း နှစ်ရာ့သုံးဆယ်ကုဋေလေးသန်းတို့တည်း။

## (၇) ပရနိမ္မိတဝသဝတ္တီနတ်သက်

ပရနိမ္မိတဝသဝတ္တီနတ်တို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း-

လူ၌ ဖြစ်သော အနှစ်တစ်ထောင့်ခြောက်ရာတို့သည် ပရနိမ္မိတဝသဝတ္တီနတ်တို့၏ နေ့ညဥ့် တစ်ခုတည်း၊ ထိုညဥ့်ဖြင့် ညဥ့်သုံးဆယ်တို့သည် တစ်လတည်း၊ ထိုလဖြင့် တစ်ဆယ့်နှစ်လတို့သည် တစ်နှစ်တည်း၊ ထိုနှစ်ဖြင့် နတ်၌ ဖြစ်သော အနှစ်တစ်သောင်း ခြောက်ထောင်တို့သည် ပရနိမ္မိတဝသဝတ္တီနတ်တို့၏ အသက် တိုင်းအရှည်တည်း။

ပရနိမ္မိတဝသဝတ္တီနတ်တို့၏ အသက် အတိုင်းအရှည်သည် လူတို့၏ အရေအတွက်အားဖြင့် အဘယ်မျှ ရှိသနည်း-

နှစ်ပေါင်း ကိုးရာ့နှစ်ဆယ့်တစ်ကုဋေခြောက်သန်းတို့တည်း။ ဤကာမာဝစရ (နတ်ပြည်) ခြောက်ထပ်တို့သည် ကာမဂုဏ်ခပ်သိမ်းနှင့် ပြည့်စုံ ကုန်၏၊ နတ်ခပ်သိမ်းတို့၏ အသက်သည် (လူသက်ဖြင့်) တစ်ပေါင်းတည်း ရေတွက်လျှင် အဘယ်မျှဖြစ်သနည်း။

ထို (နတ်ခပ်သိမ်း) တို့၏ (အသက်ကို လူသက်ဖြင့် တစ်ပေါင်းတည်း ရေတွက်လျှင်) ကုဋေတစ်ထောင့်နှစ်ရာ နှစ်ဆယ့်ရှစ်ကုဋေ ငါးသန်းတို့ကို နှစ်အစဉ်ဖြင့် ပြအပ်ကုန်၏။

(ဤကား ဂါထာအနက်)

# ဓမ္မဟာဒယဝိဘင်္ဂ

## ရူပ အရူပပြဟ္မာတို့၏ ကံနှင့် သက်တမ်း

## ပဌမစျာန်အကျိုးပေးရာ (၃) ဘုံနှင့် သက်တမ်း

## (၁) ပြဟ္မပါရိသဇ္ဇာ

၁၀၂၄။ ပဌမစျာန်ကို အနည်းငယ်လျှော့ပွါးများလျှင် အဘယ်ဘုံသို့ ကပ်ရောက်ကုန်သနည်း။

ပဌမစျာန်ကို အနည်းငယ် လျှော့ပွါးများလျှင် ပြဟ္မပါရိသဇ္ဇာပြဟ္မာတို့၏ အပေါင်းအဖော် အဖြစ်သို့ ကပ်ရောက်ကုန်၏။ ထိုပြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

(အသချေ်ယျ) ကပ်၏ သုံးဖို့ တစ်ဖို့တည်း။

## (၂) ပြဟ္မပုရောဟိတာ

ပဌမစျာန်ကို အလတ်စား ပွါးများလျှင် အဘယ်ဘုံသို့ ကပ်ရောက်ကုန်သနည်း။ ပဌမစျာန်ကို အလတ်စားပွါးများလျှင် ပြဟ္မပုရောဟိတပြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏။ ထိုပြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

(အသချေ်ယျ) ကပ်၏ ထက်ဝက်တည်း။

## (၃) မဟာပြဟ္မာ

ပဌမစျာန်ကို အမြတ်စား ပွါးများလျှင် အဘယ်ဘုံသို့ ကပ်ရောက်ကုန်သနည်း။ ပဌမစျာန်ကို အမြတ်စားပွါးများလျှင် မဟာပြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏။ ထိုပြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

(အသချေ်ယျ) တစ်ကပ်တည်း။

------

# ဓမ္မဟာဒယပိဘာဂ်

## ဒုတိယစျာန်အကျိုးပေးရာ (၃) ဘုံနှင့် သက်တမ်း

### (၄) ပရိတ္တာဘာ

၁၀၂၅။ ဒုတိယစျာန်ကို အနည်းငယ်လေ့ကျင့်ပွါးများလျှင် အဘယ်ဘုံသို့ ကပ်ရောက်ကုန်သနည်း။

ဒုတိယစျာန်ကို အနည်းငယ်လေ့ကျင့်ပွါးများလျှင် ပရိတ္တာဘာပြဟ္မာတို့၏ အပေါင်းအဖော် အဖြစ်သို့ ကပ်ရောက်ကုန်၏။ ထိုပြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

(မဟာကပ်) နှစ်ကပ်တို့တည်း။

### (၅) အပ္ပမာဏာဘာ

ဒုတိယစျာန်ကို အလတ်စားပွါးများလျှင် အဘယ်ဘုံသို့ ကပ်ရောက်ကုန်သနည်း။

ဒုတိယစျာန်ကို အလတ်စားပွါးများလျှင် အပ္ပမာဏာဘာပြဟ္မာတို့၏ အပေါင်းအဖော် အဖြစ်သို့ ကပ်ရောက်ကုန်၏။ ထိုပြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

(မဟာကပ်) လေးကပ်တို့တည်း။

### (၆) အာဘဿရာ

ဒုတိယစျာန်ကို အမြတ်စားပွါးများလျှင် အဘယ်ဘုံသို့ ကပ်ရောက်ကုန်သနည်း။

ဒုတိယစျာန်ကို အမြတ်စားပွါးများလျှင် အာဘဿရပြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏။ ထိုပြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

(မဟာကပ်) ရှစ်ကပ်တို့တည်း။

------

# ဓမ္မဟာဒယဝိဘင်္ဂ

## တတိယစျာန်အကျိုးပေးရာ (၃) ဘုံနှင့် သက်တမ်း

### (၇) ပရိတ္တသုဘာ

၁၀၂၆။ တတိယစျာန်ကို အနည်းငယ်လျှော့ပွါးများလျှင် အဘယ်ဘုံသို့ ကပ်ရောက်ကုန် သနည်း။

တတိယစျာန်ကို အနည်းငယ်လျှော့ပွါးများလျှင် ပရိတ္တသုဘာပြဟ္မာတို့၏ အပေါင်းအဖော် အဖြစ်သို့ ကပ်ရောက်ကုန်၏။ ထိုပြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

(မဟာကပ်) တစ်ဆယ့်ခြောက်ကပ်တို့တည်း။

### (၈) အပ္ပမာဏသုဘာ

တတိယစျာန်ကို အလတ်စားပွါးများလျှင် အဘယ်ဘုံသို့ ကပ်ရောက်ကုန် သနည်း။

တတိယစျာန်ကို အလတ်စားပွါးများလျှင် အပ္ပမာဏသုဘာပြဟ္မာတို့၏ အပေါင်းအဖော် အဖြစ်သို့ ကပ်ရောက်ကုန်၏။ ထိုပြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

(မဟာကပ်) သုံးဆယ့်နှစ်ကပ်တို့တည်း။

### (၉) သုဘကိဏှာ

တတိယစျာန်ကို အမြတ်စားပွါးများလျှင် အဘယ်ဘုံသို့ ကပ်ရောက်ကုန်သနည်း။

တတိယစျာန်ကို အမြတ်စားပွါးများလျှင် သုဘကိဏှာပြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏။ ထိုပြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

(မဟာကပ်) ခြောက်ဆယ့်လေးကပ်တို့တည်း။

------

# ဓမ္မဟာဒယပိဘာဂ်

## စတုတ္ထစျာန်အကျိုးပေးရာ (၁၁) ဘုံ

၁၀၂၇။ စတုတ္ထစျာန်ကို ပွါးများလျှင် အာရုံထူးသည်၏အဖြစ်၊ နှလုံးသွင်းမှု ထူးသည်၏အဖြစ်၊ ဆန္ဒထူးသည်၏အဖြစ်၊ တောင့်တမှု ထူးသည်၏အဖြစ်၊ ဆုံးဖြတ်မှု ထူးသည်၏အဖြစ်၊ ဆုတောင်းမှု ထူးသည်၏ အဖြစ်၊ ပညာထူးသည်၏အဖြစ်များကြောင့်-

**ရူပစတုတ္ထစျာန် ၇-ဘုံ**

(၁) အချို့သူတို့သည် အသညသတ်ပြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏။

(၂) အချို့သူတို့သည် ဝေဟပ္ဖိုလ်ပြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏။

(၃) အချို့သူတို့သည် အဝိဟာပြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏။

(၄) အချို့သူတို့သည် အတပ္ပါပြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏။

(၅) အချို့သူတို့သည် သုဒဿာပြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏။

(၆) အချို့သူတို့သည် သုဒဿီပြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏။

(၇) အချို့သူတို့သည် အကနိဋ္ဌပြဟ္မာတို့၏ အပေါင်းအဖော်အဖြစ်သို့ ကပ်ရောက်ကုန်၏။

**အရူပစတုတ္ထစျာန် ၄-ဘုံ**

(၈) အချို့သူတို့သည် အာကာသာနဉ္စာယတနစျာန်သို့ ကပ်ရောက်သော ပြဟ္မာတို့၏ အပေါင်းအဖော် အဖြစ်သို့ ကပ်ရောက်ကုန်၏။

(၉) အချို့သူတို့သည် ဝိညာဏဉ္စာယတနစျာန်သို့ ကပ်ရောက်သောပြဟ္မာတို့၏ အပေါင်းအဖော် အဖြစ်သို့ ကပ်ရောက်ကုန်၏။

(၁၀) အချို့သူတို့သည် အာကိဉ္စညာယတနစျာန်သို့ ကပ်ရောက်သောပြဟ္မာတို့၏ အပေါင်းအဖော် အဖြစ်သို့ ကပ်ရောက်ကုန်၏။

(၁၁) အချို့သူတို့သည် နေဝသညာနာသညာယတနစျာန်သို့ ကပ်ရောက်သောပြဟ္မာတို့၏ အပေါင်းအဖော် အဖြစ်သို့ ကပ်ရောက်ကုန်၏။

------

# ဓမ္မဟာဒယဝိဘင်္ဂ

## စတုတ္ထစျာန်ပြဟ္မာ (၁၁) မျိုးတို့၏ သက်တမ်း

အသညသတ်၊ ဝေဟပ္ဖိုလ်ပြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

(မဟာကပ်) ကမ္ဘာငါးရာတို့တည်း။

အဝိဟာပြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

(မဟာကပ်) ကမ္ဘာတစ်ထောင်တည်း။

အတပ္ပါပြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

(မဟာကပ်) ကမ္ဘာနှစ်ထောင်တို့တည်း။

သုဒဿာပြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

(မဟာကပ်) ကမ္ဘာလေးထောင်တို့တည်း။

သုဒဿီပြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

(မဟာကပ်) ကမ္ဘာရှစ်ထောင်တို့တည်း။

အကနိဋ္ဌပြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

(မဟာကပ်) ကမ္ဘာတစ်သောင်းခြောက်ထောင်တို့တည်း။

၁၀၂၈။ အာကာသာနဉ္စာယတနစျာန်သို့ ကပ်ရောက်သော ပြဟ္မာတို့၏ အသက် အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

(မဟာကပ်) ကမ္ဘာနှစ်သောင်းတို့တည်း။

ဝိညာဏဉ္စာယတနစျာန်သို့ ကပ်ရောက်သော ပြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

(မဟာကပ်) ကမ္ဘာလေးသောင်းတို့တည်း။

အာကိဉ္စညာယတနစျာန်သို့ ကပ်ရောက်သော ပြဟ္မာတို့၏ အသက်အတိုင်းအရှည်သည် အဘယ်မျှရှိသနည်း။

(မဟာကပ်) ကမ္ဘာခြောက်သောင်းတို့တည်း။

နေဝသညာနာသညာယတနစျာန်သို့ ကပ်ရောက်သော ပြဟ္မာတို့၏ အသက် အတိုင်းအရှည်သည် အဘယ်မျှ ရှိသနည်း။

(မဟာကပ်) ကမ္ဘာရှစ်သောင်းလေးထောင်တို့တည်း။

၁၀၂၉။ ကောင်းမှု ရှိန်စော် အာနုဘော်ဖြင့် မြှောက်တင်အပ်ကုန်သော ပုထုဇဉ်သတ္တဝါ တို့သည် ကာမသုဂတိ ရူပသုဂတိဘုံသို့ လားရကုန်၍ ဘဝဂ်သို့တိုင် ရောက်ကြသော်လည်း တစ်ဖန် မကောင်းသော လားရာ (အပါယ်လေးဘုံ) သို့ ပြန်ရောက်ကြရ ကုန်၏။ ထိုမျှလောက် အသက်ရှည်သော သတ္တဝါတို့သည်ပင်လျှင် အသက်တမ်းကုန်၍ သေဆုံးရကုန်၏၊ မြဲသော ဘဝ အနည်းငယ်မျှ မရှိချေ၊ ဤသို့ မြတ်စွာဘုရား ဟောကြားတော်မူ၏။

ထို့ကြောင့်ပင်လျှင် ရင့်ကျက်သော ပညာရှိကုန်သော သိမ်မွေ့သော ပညာရှိ ကုန်သော အကျိုးစီးပွါးကို ကြံစည်တတ်ကုန်သော ပညာရှင်တို့သည် အိုမှု သေမှု လွတ်ရန် မြတ်သော မဂ်ကို ပွါးများကြကုန်၏။ နက်ရှိုင်းသော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော စင်ကြယ်သော မဂ်ကို ပွါးများ၍ အာသဝအလုံးစုံတို့ကို ပိုင်းခြားသိလျက် အာသဝမရှိကုန်ဘဲ ဒုက္ခ ခပ်သိမ်း ငြိမ်းကြကုန်၏။

------

# ဓမ္မဟာဒယဝိဘင်္ဂ

## ၇ - အဘိညေယျာဒိဝါရ

## (ထိုးထွင်း၍ သိအပ်သောတရား စသည်တို့ကို ပြဆိုသောဝါရ)

### အမေးပုစ္ဆာ

၁၀၃၀။ ခန္ဓာငါးပါးတို့တွင် ထိုးထွင်း၍ သိအပ်သည်တို့ကား အဘယ်မျှရှိသနည်း၊ ပိုင်းခြား၍ သိအပ်သည်တို့ကား အဘယ်မျှရှိသနည်း၊ ပယ်အပ်သည်တို့ကား အဘယ်မျှရှိသနည်း၊ ပွါးများအပ်သည် တို့ကား အဘယ်မျှရှိသနည်း၊ မျက်မှောက်ပြုအပ်သည်တို့ကား အဘယ်မျှ ရှိသနည်း၊ မပယ်အပ်သည် တို့ကား မပွါးများအပ်သည်တို့ကား မျက်မှောက်မပြုအပ်သည်တို့ကား အဘယ်မျှရှိသနည်း။ပ။

စိတ်ခုနစ်ပါးတို့တွင် ထိုးထွင်း၍ သိအပ်သည်တို့ကား အဘယ်မျှရှိသနည်း၊ ပိုင်းခြား၍ သိအပ်သည် တို့ကား အဘယ်မျှရှိသနည်း၊ ပယ်အပ်သည်တို့ကား အဘယ်မျှရှိသနည်း၊ ပွါးများအပ်သည် တို့ကား အဘယ်မျှရှိသနည်း၊ မျက်မှောက်ပြုအပ်သည်တို့ကား အဘယ်မျှ ရှိသနည်း၊ မပယ်အပ်သည်တို့ကား မပွါးများအပ်သည်တို့ကား မျက်မှောက်မပြုအပ်သည်တို့ကား အဘယ်မျှရှိသနည်း။

### အဖြေဝိသဇ္ဇနာ

## (၁) ခန္ဓာတရား

၁၀၃၁။ ရူပက္ခန္ဓာကို ထိုးထွင်း၍ သိအပ်၏၊ ပိုင်းခြား၍ သိအပ်၏၊ မပယ်အပ်၊ မပွါးများအပ်၊ မျက်မှောက်မပြုအပ်။ (ကြွင်း) ခန္ဓာလေးပါးတို့ကို ထိုးထွင်း၍ သိအပ်ကုန်၏၊ ပိုင်းခြား၍ သိအပ်ကုန်၏၊ အချို့ ပယ်အပ်ကုန်၏၊ အချို့ ပွါးများအပ်ကုန်၏၊ အချို့ မျက်မှောက်ပြုအပ်ကုန်၏၊ အချို့ မပယ်အပ် ကုန်၊ မပွါးများအပ်ကုန်၊ မျက်မှောက်မပြုအပ်ကုန်။

## (၂) အာယတနတရား

အာယတနဆယ်ပါးတို့ကို ထိုးထွင်း၍ သိအပ်ကုန်၏၊ ပိုင်းခြား၍ သိအပ်ကုန်၏၊ မပယ်အပ်ကုန်၊ မပွါးများအပ်ကုန်၊ မျက်မှောက်မပြုအပ်ကုန်၊ အာယတနနှစ်ပါးတို့ကို ထိုးထွင်း၍ သိအပ်ကုန်၏၊ ပိုင်းခြား ၍ သိအပ်ကုန်၏၊ အချို့ ပယ်အပ်ကုန်၏၊ အချို့ ပွါးများအပ်ကုန်၏၊ အချို့ မျက်မှောက်ပြုအပ် ကုန်၏၊ အချို့ မပယ်အပ်ကုန်၊ မပွါးများအပ်ကုန်၊ မျက်မှောက်မပြုအပ်ကုန်။

## (၃) ဓာတ်တရား

ဓာတ်တစ်ဆယ့်ခြောက်ပါးတို့ကို ထိုးထွင်း၍ သိအပ်ကုန်၏၊ ပိုင်းခြား၍ သိအပ်ကုန်၏၊ မပယ်အပ်ကုန်၊ မပွါးများအပ်ကုန်၊ မျက်မှောက်မပြုအပ်ကုန်။ ဓာတ်နှစ်ပါးတို့ကို ထိုးထွင်း၍ သိအပ်ကုန်၏၊ ပိုင်းခြား၍ သိအပ်ကုန်၏၊ အချို့ ပယ်အပ်ကုန်၏၊ အချို့ ပွါးများအပ်ကုန်၏၊ အချို့ မျက်မှောက်ပြုအပ်ကုန်၏၊ အချို့ မပယ်အပ်ကုန်၊ မပွါးများအပ်ကုန်၊ မျက်မှောက်မပြုအပ်ကုန်။

## (၄) သစ္စာတရား

သမုဒယသစ္စာကို ထိုးထွင်း၍ သိအပ်၏၊ ပိုင်းခြား၍ သိအပ်၏၊ ပယ်အပ်၏၊ မပွါးများအပ်၊ မျက်မှောက်မပြုအပ်။ မဂ္ဂသစ္စာကို ထိုးထွင်း၍ သိအပ်၏၊ ပိုင်းခြား၍ သိအပ်၏၊ မပယ်အပ်၊ ပွါးများအပ်၏၊ မျက်မှောက် မပြုအပ်၊ နိရောဓသစ္စာကို ထိုးထွင်း၍ သိအပ်၏၊ ပိုင်းခြား၍ သိအပ်၏၊ မပယ်အပ်၊ မပွါးများအပ်၊ မျက်မှောက်ပြုအပ်၏။ ဒုက္ခသစ္စာကို ထိုးထွင်း၍ သိအပ်၏၊ ပိုင်းခြား၍ သိအပ်၏၊ အချို့ပယ်အပ်၏၊ မပွါးများအပ်၊ မျက်မှောက်မပြုအပ်၊ အချို့ မပယ်အပ်။

## (၅) ဣန္ဒြေတရား

ဣန္ဒြေကိုးပါးတို့ကို ထိုးထွင်း၍ သိအပ်ကုန်၏၊ ပိုင်းခြား၍ သိအပ်ကုန်၏၊ မပယ်အပ်ကုန်၊ မပွါးများအပ်ကုန်၊ မျက်မှောက်မပြုအပ်ကုန်။ ဒေါမနဿိန္ဒြေကို ထိုးထွင်း၍သိအပ်၏၊ ပိုင်းခြား၍ သိအပ်၏၊ ပယ်အပ်၏၊ မပွါးများအပ်၊ မျက်မှောက်မပြုအပ်။ အနညာတညဿာမီတိန္ဒြေကို ထိုးထွင်း၍သိအပ်၏၊ ပိုင်းခြား၍ သိအပ်၏၊ မပယ်အပ်၊ ပွါးများအပ်၏၊ မျက်မှောက်မပြုအပ်။ အညိန္ဒြေကိုထိုးထွင်း၍ သိအပ်၏၊ ပိုင်းခြား၍ သိအပ်၏၊ မပယ်အပ်၊ အချို့ ပွါးများအပ်၏၊ အချို့ မျက်မှောက်ပြုအပ်၏။ အညာတာဝိန္ဒြေကို ထိုးထွင်း၍ သိအပ်၏၊ ပိုင်းခြား၍ သိအပ်၏၊ မပယ်အပ်၊ မပွါးများအပ်၊ မျက်မှောက်ပြုအပ်၏။ ဣန္ဒြေသုံးပါးတို့ကို ထိုးထွင်း၍ သိအပ်ကုန်၏၊ ပိုင်းခြား၍ သိအပ်ကုန်၏၊ မပယ်အပ်ကုန်၊ အချို့ ပွါးများအပ်ကုန်၏၊ အချို့ မျက်မှောက် ပြုအပ်ကုန်၏၊ အချို့ မပွါးများအပ်ကုန်၊ မျက်မှောက်ပြုအပ်ကုန်၏။ (ကြွင်း) ဣန္ဒြေခြောက်ပါးတို့ကို ထိုးထွင်း၍ သိအပ်ကုန်၏၊ ပိုင်းခြား၍ သိအပ်ကုန်၏၊ အချို့ ပယ်အပ်ကုန်၏၊ အချို့ ပွါးများအပ်ကုန်၏၊ အချို့ မျက်မှောက်ပြုအပ်ကုန်၏၊ အချို့ မပယ်အပ်ကုန်၊ မပွါးများအပ်ကုန်၊ မျက်မှောက်မပြုအပ်ကုန်။

## (၆) ဟိတ်တရား

အကုသိုလ်ဟိတ်သုံးပါးတို့ကို ထိုးထွင်း၍ သိအပ်ကုန်၏၊ ပိုင်းခြား၍ သိအပ်ကုန်၏၊ ပယ်အပ်ကုန်၏၊ မပွါးများအပ်ကုန်၊ မျက်မှောက်မပြုအပ်ကုန်။ ကုသိုလ်ဟိတ်သုံးပါးတို့ကို ထိုးထွင်း၍ သိအပ်ကုန်၏၊ ပိုင်းခြား၍ သိအပ်ကုန်၏၊ မပယ်အပ်ကုန်၊ အချို့ ပွါးများအပ်ကုန်၏၊ မျက်မှောက် မပြုအပ်ကုန်၊ အချို့ မပွါးများ အပ်ကုန်၊ အဗျာကတဟိတ်သုံးပါးတို့ကို ထိုးထွင်း၍ သိအပ်ကုန်၏၊ ပိုင်းခြား၍ သိအပ်ကုန်၏၊ မပယ်အပ်ကုန်၊ မပွါးများအပ်ကုန်၊ အချို့ မျက်မှောက်ပြုအပ်ကုန်၏၊ အချို့ မျက်မှောက်မပြုအပ်ကုန်။

## (၇) အာဟာရတရား

အလုတ်အလွေးပြုအပ်သော 'ကဗဠီကာရ' အာဟာရကို ထိုးထွင်း၍ သိအပ်၏၊ ပိုင်းခြား၍ သိအပ်၏၊ မပယ်အပ်၊ မပွါးများအပ်၊ မျက်မှောက်မပြုအပ်။ (ကြွင်း) အာဟာရသုံးပါးတို့ကို ထိုးထွင်း၍ သိအပ်ကုန်၏၊ ပိုင်းခြား၍ သိအပ်ကုန်၏၊ အချို့ ပယ်အပ်ကုန်၏၊ အချို့ ပွါးများအပ်ကုန်၏၊ အချို့ မျက်မှောက်ပြုအပ်ကုန်၏၊ အချို့ မပယ်အပ်ကုန်၊ မပွါးများအပ်ကုန်၊ မျက်မှောက်မပြုအပ်ကုန်။

## (၈) ဖဿတရား

တွေ့ထိမှု 'ဖဿ' ခြောက်ပါးတို့ကို ထိုးထွင်း၍ သိအပ်ကုန်၏၊ ပိုင်းခြား၍ သိအပ်ကုန်၏၊ မပယ်အပ်ကုန်၊ မပွါးများအပ်ကုန်၊ မျက်မှောက်မပြုအပ်ကုန်။ မနောဝိညာဏဓာတ်အတွေ့ကို ထိုးထွင်း၍ သိအပ်၏၊ ပိုင်းခြား၍ သိအပ်၏၊ အချို့ ပယ်အပ်၏၊ အချို့ ပွါးများအပ်၏၊ အချို့ မျက်မှောက်ပြုအပ်၏၊ အချို့ မပယ်အပ် မပွါးများအပ် မျက်မှောက်မပြုအပ်။

## (၉-၁၂) ဝေဒနာတရား စသည်

ခံစားမှု 'ဝေဒနာ' ခြောက်ပါးတို့ကို။ပ။-

သိမှတ်မှု 'သညာ' ခြောက်ပါးတို့ကို။ပ။-

စေ့ဆော်မှု 'စေတနာ' ခြောက်ပါးတို့ကို။ပ။-

စိတ်ခြောက်ပါးတို့ကို ထိုးထွင်း၍ သိအပ်ကုန်၏၊ ပိုင်းခြား၍ သိအပ်ကုန်၏၊ မပယ်အပ်ကုန်၊ မပွါးများအပ်ကုန်၊ မျက်မှောက်မပြုအပ်ကုန်။ မနောဝိညာဏဓာတ်ကို ထိုးထွင်း၍ သိအပ်၏၊ ပိုင်းခြား၍ သိအပ်၏၊ အချို့ ပယ်အပ်၏၊ အချို့ ပွါးများအပ်၏။ အချို့ မျက်မှောက်ပြုအပ်၏၊ အချို့ မပယ်အပ် မပွါးများအပ် မျက်မှောက်မပြုအပ်။

------

# ဓမ္မဟဒယဝိဘင်္ဂ

## ၈ - သာရမ္မဏာ နာရမ္မဏဝါရ

## (အာရုံပြုမှု မပြုမှုကို ပြဆိုသော ဝါရ)

### အမေးပုစ္ဆာ

၁၀၃၂။ ခန္ဓာငါးပါးတို့တွင် အာရုံပြုခြင်းရှိသော ခန္ဓာတို့သည် အဘယ်မျှရှိကုန်နည်း၊ အာရုံပြုခြင်း မရှိသော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။ပ။

စိတ်ခုနစ်ပါးတို့တွင် အာရုံပြုခြင်းရှိသော စိတ်တို့သည် အဘယ်မျှရှိကုန်သနည်း၊ အာရုံပြုခြင်း မရှိသော စိတ်တို့သည် အဘယ်မျှရှိသနည်း။

### အဖြေဝိသဇ္ဇနာ

## (၁) ခန္ဓာတရား

၁၀၃၃။ ရူပက္ခန္ဓာသည် အာရုံပြုခြင်း မရှိ။ (ကြွင်း) ခန္ဓာလေးပါးတို့သည် အာရုံပြုခြင်း ရှိကုန်၏။

## (၂) အာယတနတရား

အာယတန ဆယ်ပါးတို့သည် အာရုံပြုခြင်း မရှိကုန်။ မနာယတနသည် အာရုံပြုခြင်းရှိ၏။ ဓမ္မာယတနသည် အချို့ အာရုံပြုခြင်းရှိ၏၊ အချို့ အာရုံပြုခြင်း မရှိ။

## (၃) ဓာတ်တရား

ဓာတ်ဆယ်ပါးတို့သည် အာရုံပြုခြင်း မရှိကုန်။ ဓာတ်ခုနစ်ပါးတို့သည် အာရုံပြုခြင်းရှိကုန်၏။ ဓမ္မဓာတ်သည် အချို့ အာရုံပြုခြင်းရှိ၏၊ အချို့ အာရုံပြုခြင်း မရှိ။

## (၄) သစ္စာတရား

သစ္စာနှစ်ပါးတို့သည် အာရုံပြုခြင်းရှိကုန်၏။ နိရောဓသစ္စာသည် အာရုံပြုခြင်း မရှိ။ ဒုက္ခသစ္စာသည် အချို့ အာရုံပြုခြင်း ရှိ၏၊ အချို့ အာရုံပြုခြင်း မရှိ။

## (၅) ကမ္မဇရုပ်တရား

ကမ္မဇ္ဇခုနစ်ပါးတို့သည် အာရုံပြုခြင်း မရှိကုန်။ ကမ္မဇ္ဇတစ်ဆယ့်လေးပါးတို့သည် အာရုံပြုခြင်း ရှိကုန်၏။ ဗိဝိတိန္ဒြေသည် အချို့ အာရုံပြုခြင်းရှိ၏၊ အချို့ အာရုံပြုခြင်း မရှိ။

## (၆) ဟိတ်တရား

ဟိတ် ကိုးပါးတို့သည် အာရုံပြုခြင်း ရှိကုန်၏။

## (၇) အာဟာရတရား

အလုတ်အလွေးပြုအပ်သော 'ကဗဠီကာရ' အာဟာရသည် အာရုံပြုခြင်း မရှိ၊ (ကြွင်း) အာဟာရ သုံးပါးတို့သည် အာရုံပြုခြင်း ရှိကုန်၏။

## (၈-၁၂) ဖဿတရား စသည်

တွေ့ထိမှု 'ဖဿ' ခုနစ်ပါး တို့သည်။ပ။

ခံစားမှု 'ဝေဒနာ' ခုနစ်ပါးတို့သည်။ပ။

သိမှတ်မှု 'သညာ' ခုနစ်ပါးတို့သည်။ပ။

စေ့ဆော်မှု 'စေတနာ' ခုနစ်ပါးတို့သည်။ပ။

စိတ်ခုနစ်ပါးတို့သည် အာရုံပြုခြင်း ရှိကုန်၏။

------

# ဓမ္မဟာဒယဝိဘင်္ဂ

၁၀၃၄။ ခန္ဓာငါးပါးတို့တွင် အာရုံပြုခြင်းရှိသော တရားကို အာရုံပြုသည့် ခန္ဓာတို့သည် အဘယ်မျှ ရှိကုန်သနည်း၊ အာရုံပြုခြင်းမရှိသော တရားကို အာရုံပြုသည့် ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။ပ။

စိတ်ခုနစ်ပါးတို့တွင် အာရုံပြုခြင်းရှိသော တရားကို အာရုံပြုသည့် စိတ်တို့သည် အဘယ်မျှ ရှိကုန်သနည်း၊ အာရုံပြုခြင်း မရှိသော တရားကို အာရုံပြုသည့် စိတ်တို့သည် အဘယ်မျှရှိကုန်သနည်း။

## (၁) ခန္ဓာတရား

၁၀၃၅။ ရူပက္ခန္ဓာသည် အာရုံပြုခြင်း မရှိ။ (ကြွင်း) ခန္ဓာလေးပါးတို့သည် အချို့ အာရုံပြုခြင်း ရှိသောတရားကို အာရုံပြုကုန်၏၊ အချို့ အာရုံပြုခြင်းမရှိသော တရားကို အာရုံပြုကုန်၏။

## (၂) အာယတနတရား

အာယတနဆယ်ပါးတို့သည် အာရုံပြုခြင်းမရှိကုန်။ မနာယတနသည် အချို့ အာရုံပြုခြင်း ရှိသော တရားကို အာရုံပြု၏၊ အချို့ အာရုံပြုခြင်းမရှိသော တရားကို အာရုံပြု၏။ ဓမ္မာယတနသည် အချို့ အာရုံပြုခြင်းရှိသော တရားကို အာရုံပြု၏၊ အချို့ အာရုံပြုခြင်းမရှိသော တရားကို အာရုံပြု၏။ အချို့ အာရုံပြုခြင်း မရှိ။

## (၃) ဓာတ်တရား

ဓာတ်ဆယ်ပါးတို့သည် အာရုံပြုခြင်း မရှိကုန်။ ဓာတ်ခြောက်ပါးတို့သည် အာရုံပြုခြင်းမရှိသော တရားကိုအာရုံပြုကုန်၏။ မနောဝိညာဏဓာတ်သည် အချို့ အာရုံပြုခြင်းရှိသော တရားကို အာရုံပြု၏၊ အချို့အာရုံပြုခြင်း မရှိသော တရားကို အာရုံပြု၏။ ဓမ္မဓာတ်သည် အချို့ အာရုံပြုခြင်းရှိသော တရားကို အာရုံပြု၏၊ အချို့ အာရုံပြုခြင်းမရှိသောတရားကို အာရုံပြု၏၊ အချို့ အာရုံပြုခြင်း မရှိ။

## (၄) သစ္စာတရား

နိရောဓသစ္စာသည် အာရုံပြုခြင်း မရှိ။ မဂ္ဂသစ္စာသည် အာရုံပြုခြင်းမရှိသော တရားကို အာရုံပြု၏။ သမုဒယသစ္စာသည် အချို့ အာရုံပြုခြင်းရှိသော တရားကို အာရုံပြု၏၊ အချို့ အာရုံပြုခြင်း မရှိသော တရားကို အာရုံပြု၏။ ဒုက္ခသစ္စာသည် အချို့ အာရုံပြုခြင်းရှိသော တရားကို အာရုံပြု၏၊ အချို့ အာရုံပြုခြင်း မရှိသော တရားကို အာရုံပြု၏။ အချို့ အာရုံပြုခြင်း မရှိ။

## (၅) ဣန္ဒြေတရား

ဣန္ဒြေခုနစ်ပါးတို့သည် အာရုံပြုခြင်း မရှိကုန်။ ဣန္ဒြေငါးပါးတို့သည် အာရုံပြုခြင်း မရှိသော တရားကိုအာရုံပြုကုန်၏။ ဣန္ဒြေကိုးပါးတို့သည် အချို့ အာရုံပြုခြင်းရှိသော တရားကို အာရုံပြုကုန်၏၊ အချို့အာရုံပြုခြင်း မရှိသော တရားကို အာရုံပြုကုန်၏။ ဇီဝိတိန္ဒြေသည် အချို့ အာရုံပြုခြင်းရှိသော တရားကို အာရုံပြု၏၊ အချို့ အာရုံပြုခြင်းမရှိသော တရားကို အာရုံပြု၏။ အချို့ အာရုံပြုခြင်း မရှိ။

## (၆) ဟိတ်တရား

ဟိတ်ကိုးပါးတို့သည် အချို့ အာရုံပြုခြင်းရှိသော တရားကို အာရုံပြုကုန်၏၊ အချို့ အာရုံပြုခြင်း မရှိသော တရားကို အာရုံပြုကုန်၏။

## (၇) အာဟာရတရား

အလုတ်အလွေးပြုအပ်သော 'ကဗဠီကာရ' အာဟာရသည် အာရုံပြုခြင်း မရှိ။ (ကြွင်း) အာဟာရ သုံးပါးတို့သည် အချို့ အာရုံပြုခြင်းရှိသော တရားကို အာရုံပြုကုန်၏၊ အချို့ အာရုံပြုခြင်း မရှိသော တရားကို အာရုံပြုကုန်၏။

## (၈) ဖဿတရား

တွေ့ထိမှု 'ဖဿ' ခြောက်ပါးတို့သည် အာရုံပြုခြင်းမရှိသော တရားကို အာရုံပြုကုန်၏။ မနောဝိညာဏဓာတ် အတွေ့ 'ဖဿ' သည် အချို့ အာရုံပြုခြင်းရှိသော တရားကို အာရုံပြု၏၊ အချို့ အာရုံပြုခြင်း မရှိသော တရားကို အာရုံပြု၏။

## (၉-၁၂) ဝေဒနာ စသည့် တရားများ

ခံစားမှု (ဝေဒနာ) ခြောက်ပါးတို့သည်။ပ။

သိမှတ်မှု (သညာ) ခြောက်ပါးတို့သည်။ပ။

စေ့ဆော်မှု (စေတနာ) ခြောက်ပါးတို့သည်။ပ။

စိတ်ခြောက်ပါးတို့သည် အာရုံပြုခြင်းမရှိသော တရားတို့ကို အာရုံပြုကုန်၏။ မနောဝိညာဏ ဓာတ်သည် အချို့ အာရုံပြုခြင်းရှိသော တရားကို အာရုံပြု၏၊ အချို့ အာရုံပြုခြင်းမရှိသော တရားကို အာရုံပြု၏။

------

# ဓမ္မဟဒယဝိဘင်္ဂ

## ၉ - ဒိဋ္ဌသုတာဒိဒဿနဝါရ

## (မြင်မှု ကြားမှု စသည်တို့ကို ပြဆိုသော ဝါရ)

### အမေးပုစ္ဆာ

၁၀၃၆။ ခန္ဓာငါးပါးတို့တွင်-မြင်အပ်သော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။
ကြားအပ်သော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။
တွေ့အပ်သော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။
သိအပ်သော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။
မမြင်အပ်သော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။
မကြားအပ်သော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။
မတွေ့အပ်သော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။
မသိအပ်သော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။ပ။-
စိတ်ခုနစ်ပါးတို့တွင် မြင်အပ်သော စိတ်တို့သည် အဘယ်မျှရှိကုန်သနည်း။
ကြားအပ်သော စိတ်တို့သည် အဘယ်မျှရှိကုန်သနည်း။
တွေ့အပ်သော စိတ်တို့သည် အဘယ်မျှရှိကုန်သနည်း။
သိအပ်သော စိတ်တို့သည် အဘယ်မျှရှိကုန်သနည်း။
မမြင်အပ်သော စိတ်တို့သည် အဘယ်မျှရှိကုန်သနည်း။
မကြားအပ်သော စိတ်တို့သည် အဘယ်မျှရှိကုန်သနည်း။
မတွေ့အပ်သော စိတ်တို့သည် အဘယ်မျှရှိကုန်သနည်း။
မသိအပ်သော စိတ်တို့သည် အဘယ်မျှရှိကုန်သနည်း။

## အဖြေဝိသဇ္ဇနာ

## (၁) ခန္ဓာတရား

၁၀၃၇။ ရူပက္ခန္ဓာကို အချို့ မြင်အပ်၏၊ အချို့ ကြားအပ်၏၊ အချို့ တွေ့အပ်၏၊ အချို့ သိအပ်၏၊ အချို့ မမြင်အပ်၊ မကြားအပ်၊ မတွေ့အပ်၊ မသိအပ်။ (ကြွင်း) ခန္ဓာလေးပါးတို့ကို မမြင်အပ်ကုန်၊ မကြားအပ်ကုန်၊ မတွေ့အပ်ကုန်၊ သိအပ်ကုန်၏။

## (၂) အာယတနတရား

ရူပါယတနကို မြင်အပ်၏၊ မကြားအပ်၊ မတွေ့အပ်၊ သိအပ်၏။ သဒ္ဒါယတနကို မမြင်အပ်၊ ကြားအပ်၏၊ မတွေ့အပ်၊ သိအပ်၏။ ဂန္ဓာယတန ရသာယတန ဖောဋ္ဌဗ္ဗာယတနကို မမြင်အပ်၊ မကြားအပ်၊ တွေ့အပ်၏၊ သိအပ်၏။ (ကြွင်း) အာယတနခုနစ်ပါးတို့ကို မမြင်အပ်ကုန်၊ မကြားအပ်ကုန်၊ မတွေ့အပ်ကုန်၊ သိအပ်ကုန်၏။

## (၃) ဓာတ်တရား

ရူပဓာတ်ကို မြင်အပ်၏၊ မကြားအပ်၊ မတွေ့အပ်၊ သိအပ်၏။ သဒ္ဒဓာတ်ကို မမြင်အပ်၊ ကြားအပ်၏၊ မတွေ့အပ်၊ သိအပ်၏။ ဂန္ဓဓာတ် ရသဓာတ် ဖောဋ္ဌဗ္ဗဓာတ်ကို မမြင်အပ်၊ မကြားအပ်၊ တွေ့အပ်၏၊ သိအပ်၏။ (ကြွင်း) ဓာတ်တစ်ဆယ့်သုံးပါးတို့ကို မမြင်အပ်ကုန်၊ မကြားအပ်ကုန်၊ မတွေ့အပ်ကုန်၊ သိအပ်ကုန်၏။

## (၄) သစ္စာတရား

သစ္စာသုံးပါးတို့ကို မမြင်အပ်ကုန်၊ မကြားအပ်ကုန်၊ မတွေ့အပ်ကုန်၊ သိအပ်ကုန်၏။ ဒုက္ခသစ္စာကိုအချို့ မြင်အပ်၏၊ အချို့ ကြားအပ်၏၊ အချို့ တွေ့အပ်၏၊ အချို့သိအပ်၏။ အချို့ မမြင်အပ်၊ မကြားအပ်၊ မတွေ့အပ်၊ သိအပ်၏။

## (၅) ဣန္ဒြေတရား

ဣန္ဒြေနှစ်ဆယ့်နှစ်ပါးတို့ကို မမြင်အပ်ကုန်၊ မကြားအပ်ကုန်၊ မတွေ့အပ်ကုန်၊ သိအပ်ကုန်၏။

## (၆) ဟိတ်တရား

အကြောင်း 'ဟိတ်'ကိုးပါးတို့ကို မမြင်အပ်ကုန်၊ မကြားအပ်ကုန်၊ မတွေ့အပ်ကုန်၊ သိအပ်ကုန်၏။

## (၇) အာဟာရတရား

အာဟာရလေးပါးတို့ကို မမြင်အပ်ကုန်၊ မကြားအပ်ကုန်၊ မတွေ့အပ်ကုန်၊ သိအပ်ကုန်၏။

## (၈) ဖဿတရား

တွေ့ထိမှု (ဖဿ) ခုနစ်ပါးတို့ကို မမြင်အပ်ကုန်၊ မကြားအပ်ကုန်၊ မတွေ့အပ်ကုန်၊ သိအပ်ကုန်၏။

## (၉-၁၂) ဝေဒနာ စသည့် တရားများ

ခံစားမှု 'ဝေဒနာ' ခုနစ်ပါး၊ သိမှတ်မှု 'သညာ' ခုနစ်ပါး၊ စေ့ဆော်မှု 'စေတနာ' ခုနစ်ပါး၊ စိတ်ခုနစ်ပါးတို့ကို မမြင်အပ်ကုန်၊ မကြားအပ်ကုန်၊ မတွေ့အပ်ကုန်၊ သိအပ်ကုန်၏။

# ဓမ္မဟာဒယဝိဘင်္ဂ

## ၁၀ - တိကာဒိဒဿနဝါရ

## (တိက်စသည်ဖြင့် ပြဆိုသော ဝါရ)

## ၁ - ကုသလတိက်

### အမေးပုစ္ဆာ

၁၀၃၈။ ခန္ဓာငါးပါးတို့တွင် ကုသိုလ်တို့သည် အဘယ်မျှရှိကုန်သနည်း၊ အကုသိုလ်တို့သည် အဘယ်မျှ ရှိကုန်သနည်း၊ အဗျာကတတို့သည် အဘယ်မျှရှိကုန်သနည်း။ပ။ စိတ်ခုနစ်ပါးတို့တွင် ကုသိုလ်တို့သည် အဘယ်မျှရှိကုန်သနည်း၊ အကုသိုလ်တို့သည် အဘယ်မျှရှိကုန်သနည်း၊ အဗျာကတ တို့သည် အဘယ်မျှရှိကုန်သနည်း။

### အဖြေဝိဿဇ္ဇနာ

### (၁) ခန္ဓာတရား

ရူပက္ခန္ဓာသည် အဗျာကတဖြစ်၏။ (ကြွင်း) ခန္ဓာလေးပါးတို့သည် အချို့ ကုသိုလ်ဖြစ်ကုန်၏၊ အချို့ အကုသိုလ် ဖြစ်ကုန်၏၊ အချို့ အဗျာကတဖြစ်ကုန်၏။

### (၂) အာယတနတရား

အာယတနဆယ်ပါးတို့သည် အဗျာကတဖြစ်ကုန်၏။ အာယတနနှစ်ပါးတို့သည် အချို့ ကုသိုလ် ဖြစ်ကုန်၏၊ အချို့ အကုသိုလ်ဖြစ်ကုန်၏၊ အချို့ အဗျာကတဖြစ်ကုန်၏။

### (၃) ဓာတ်တရား

ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် အဗျာကတဖြစ်ကုန်၏။ ဓာတ်နှစ်ပါးတို့သည် အချို့ ကုသိုလ် ဖြစ်ကုန်၏။ အချို့ အကုသိုလ်ဖြစ်ကုန်၏၊ အချို့ အဗျာကတဖြစ်ကုန်၏။

### (၄) သစ္စာတရား

သမုဒယသစ္စာသည် အကုသိုလ်ဖြစ်၏။ မဂ္ဂသစ္စာသည် ကုသိုလ်ဖြစ်၏။ နိရောဓသစ္စာသည် အဗျာကတ ဖြစ်၏။ ဒုက္ခသစ္စာသည် အချို့ ကုသိုလ်ဖြစ်၏၊ အချို့ အကုသိုလ်ဖြစ်၏၊ အချို့ အဗျာကတ ဖြစ်၏။

### (၅) ဣန္ဒြေတရား

ဣန္ဒြေဆယ်ပါးတို့သည် အဗျာကတ ဖြစ်ကုန်၏။ ဒေါမနဿိန္ဒြေသည် အကုသိုလ် ဖြစ်၏။ အနညာတညဿာမီတိန္ဒြေသည် ကုသိုလ်ဖြစ်၏၊ ဣန္ဒြေလေးပါးတို့သည် အချို့ ကုသိုလ်ဖြစ်ကုန်၏၊ အချို့ အဗျာကတဖြစ်ကုန်၏။ ဣန္ဒြေခြောက်ပါးတို့သည် အချို့ကုသိုလ်ဖြစ်ကုန်၏၊ အချို့ အကုသိုလ်ဖြစ်ကုန်၏၊ အချို့ အဗျာကတဖြစ်ကုန်၏။

## (၆) ဟိတ်တရား

ကုသိုလ်ဟိတ် သုံးပါးတို့သည် ကုသိုလ်ဖြစ်ကုန်၏။ အကုသိုလ်ဟိတ်သုံးပါးတို့သည် အကုသိုလ်ဖြစ်ကုန်၏။ အဗျာကတဟိတ်သုံးပါးတို့သည် အဗျာကတဖြစ်ကုန်၏။

## (၇) အာဟာရတရား

အလုတ်အလွေးပြုအပ်သော 'ကဗဠီကာရ' အာဟာရသည် အဗျာကတဖြစ်၏။ (ကြွင်း) အာဟာရ သုံးပါးတို့သည် အချို့ ကုသိုလ်ဖြစ်ကုန်၏၊ အချို့ အကုသိုလ်ဖြစ်ကုန်၏၊ အချို့ အဗျာကတဖြစ်ကုန်၏။

## (၈) ဖဿတရား

တွေ့ထိမှု 'ဖဿ' ခြောက်ပါးတို့သည် အဗျာကတဖြစ်ကုန်၏။ မနောဝိညာဏဓာတ် အတွေ့ 'ဖဿ' သည်အချို့ ကုသိုလ်ဖြစ်၏၊ အချို့ အကုသိုလ်ဖြစ်၏၊ အချို့ အဗျာကတဖြစ်၏။

## (၉-၁၂) ဝေဒနာ စသော တရားများ

ခံစားမှု 'ဝေဒနာ'ခြောက်ပါး၊ သိမှတ်မှု 'သညာ' ခြောက်ပါး၊ စေ့ဆော်မှု 'စေတနာ' ခြောက်ပါး၊ စိတ် ခြောက်ပါးတို့သည် အဗျာကတဖြစ်ကုန်၏။ မနောဝိညာဏဓာတ်သည် အချို့ ကုသိုလ် ဖြစ်၏၊ အချို့အကုသိုလ် ဖြစ်၏၊ အချို့ အဗျာကတဖြစ်၏။

------

# ဓမ္မဟာဒယပိဘာဂ်

## ၂ - ဝေဒနာတိက်

### အမေးပုစ္ဆာ

၁၀၃၉။ ခန္ဓာငါးပါးတို့တွင် သုခဝေဒနာနှင့်ယှဉ်သော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း၊ ဒုက္ခဝေဒနာနှင့်ယှဉ်သော ခန္ဓာတို့သည်သဘယ်မျှရှိကုန်သနည်း၊ ဒုက္ခ လည်း မဟုတ်, သုခလည်း မဟုတ်သော ဝေဒနာနှင့်ယှဉ်သော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။ပ။ စိတ်ခုနစ်ပါးတို့တွင် သုခဝေဒနာနှင့်ယှဉ်သော စိတ်တို့သည် အဘယ်မျှရှိသကုန်နည်း၊ ဒုက္ခဝေဒနာနှင့်ယှဉ်သော စိတ်တို့သည် အဘယ်မျှရှိကုန်သနည်း၊ ဒုက္ခလည်း မဟုတ်, သုခလည်း မဟုတ်သော ဝေဒနာနှင့်ယှဉ်သော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။

### အဖြေဝိသဇ္ဇနာ

### (၁) ခန္ဓာတရား

ခန္ဓာနှစ်ပါးတို့ကို သုခဝေဒနာနှင့် ယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ ဒုက္ခဝေဒနာနှင့် ယှဉ်ကုန်၏ဟူ၍ လည်းကောင်း၊ ဒုက္ခလည်း မဟုတ်, သုခလည်း မဟုတ်သော ဝေဒနာနှင့်ယှဉ်ကုန်၏ ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။ ခန္ဓာသုံးပါးတို့သည် အချို့ သုခဝေဒနာနှင့် ယှဉ်ကုန်၏၊ အချို့ ဒုက္ခဝေဒနာနှင့်ယှဉ်ကုန်၏၊ အချို့ ဒုက္ခလည်း မဟုတ်, သုခလည်း မဟုတ်သော ဝေဒနာနှင့် ယှဉ်ကုန်၏။

### (၂) အာယတနတရား

အာယတနဆယ်ပါးတို့ကို သုခဝေဒနာနှင့် ယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ ဒုက္ခဝေဒနာနှင့် ယှဉ်ကုန်၏ ဟူ၍ လည်းကောင်း၊ ဒုက္ခလည်း မဟုတ်, သုခလည်း မဟုတ်သော ဝေဒနာနှင့် ယှဉ်ကုန်၏ ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။ မနာယတနသည် အချို့ သုခဝေဒနာနှင့် ယှဉ်၏၊ အချို့ ဒုက္ခဝေဒနာနှင့် ယှဉ်၏၊ အချို့ ဒုက္ခလည်း မဟုတ်, သုခလည်း မဟုတ်သော ဝေဒနာနှင့် ယှဉ်၏။ ဓမ္မာယတနသည်အချို့ သုခဝေဒနာနှင့်ယှဉ်၏၊ အချို့ ဒုက္ခဝေဒနာနှင့် ယှဉ်၏၊ အချို့ ဒုက္ခလည်း မဟုတ်, သုခလည်း မဟုတ်သော ဝေဒနာနှင့် ယှဉ်၏။ အချို့ သုခဝေဒနာနှင့် ယှဉ်၏ဟူ၍လည်းကောင်း၊ ဒုက္ခဝေဒနာနှင့် ယှဉ်၏ ဟူ၍ လည်းကောင်း၊ ဒုက္ခလည်း မဟုတ်, သုခလည်းမဟုတ်သော ဝေဒနာနှင့် ယှဉ်၏ ဟူ၍ လည်းကောင်း မဆိုအပ်။

## (၃) ဓာတ်တရား

ဓာတ်ဆယ်ပါးတို့ကို သုခဝေဒနာနှင့် ယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ ဒုက္ခဝေဒနာနှင့် ယှဉ်ကုန်၏ ဟူ၍ လည်းကောင်း၊ ဒုက္ခလည်း မဟုတ်, သုခလည်း မဟုတ်သော ဝေဒနာနှင့် ယှဉ်ကုန်၏ ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။ ဓာတ်ငါးပါးတို့သည် ဒုက္ခလည်းမဟုတ် သုခလည်းမဟုတ်သော ဝေဒနာနှင့် ယှဉ်ကုန်၏။ ကာယဝိညာဏဓာတ်သည် အချို့ သုခဝေဒနာနှင့် ယှဉ်၏၊ အချို့ ဒုက္ခဝေဒနာနှင့် ယှဉ်၏။ မနောဝိညာဏဓာတ်သည် အချို့ သုခဝေဒနာနှင့် ယှဉ်၏၊ အချို့ ဒုက္ခဝေဒနာနှင့်ယှဉ်၏၊ အချို့ ဒုက္ခလည်း မဟုတ်, သုခ လည်း မဟုတ်သော ဝေဒနာနှင့် ယှဉ်၏။ ဓမ္မဓာတ်သည် အချို့ သုခဝေဒနာနှင့် ယှဉ်၏၊ အချို့ဒုက္ခဝေဒနာနှင့် ယှဉ်၏၊ အချို့ ဒုက္ခလည်း မဟုတ်, သုခလည်း မဟုတ်သော ဝေဒနာနှင့် ယှဉ်၏။ အချို့သုခဝေဒနာနှင့်ယှဉ်၏ဟူ၍လည်းကောင်း၊ ဒုက္ခဝေဒနာနှင့် ယှဉ်၏ဟူ၍လည်းကောင်း၊ ဒုက္ခလည်း မဟုတ်, သုခလည်း မဟုတ်သော ဝေဒနာနှင့် ယှဉ်၏ဟူ၍လည်းကောင်း မဆိုအပ်။

## (၄) သစ္စာတရား

သစ္စာနှစ်ပါးတို့သည် အချို့ သုခဝေဒနာနှင့် ယှဉ်ကုန်၏၊ အချို့ ဒုက္ခဝေဒနာနှင့် ယှဉ်ကုန်၏။ အချို့ သုခလည်း မဟုတ်, ဒုက္ခမဟုတ်သော ဝေဒနာနှင့် ယှဉ်ကုန်၏။ နိရောဓသစ္စာကို သုခဝေဒနာနှင့် ယှဉ်၏ ဟူ၍ လည်းကောင်း၊ ဒုက္ခဝေဒနာနှင့်ယှဉ်၏ ဟူ၍ လည်းကောင်း၊ ဒုက္ခလည်း မဟုတ်, သုခလည်း မဟုတ်သော ဝေဒနာနှင့် ယှဉ်၏ ဟူ၍ လည်းကောင်း မဆိုအပ်။ ဒုက္ခသစ္စာသည် အချို့ သုခဝေဒနာနှင့် ယှဉ်၏၊ အချို့ ဒုက္ခဝေဒနာနှင့် ယှဉ်၏၊ အချို့ ဒုက္ခလည်း မဟုတ်, သုခလည်း မဟုတ်သော ဝေဒနာနှင့် ယှဉ်၏။ အချို့ သုခဝေဒနာနှင့် ယှဉ်၏ ဟူ၍ လည်းကောင်း၊ ဒုက္ခဝေဒနာနှင့်ယှဉ်၏ဟူ၍ လည်းကောင်း၊ ဒုက္ခ သုခ မဟုတ်သော ဝေဒနာနှင့်ယှဉ်၏ ဟူ၍ လည်းကောင်း မဆိုအပ်။

## (၅) ဣန္ဒြေတရား

ဣန္ဒြေတစ်ဆယ့်နှစ်ပါးတို့ကို သုခဝေဒနာနှင့် ယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ ဒုက္ခဝေဒနာနှင့် ယှဉ်ကုန်၏ ဟူ၍ လည်းကောင်း၊ ဒုက္ခလည်း မဟုတ်, သုခလည်း မဟုတ်သော ဝေဒနာနှင့် ယှဉ်ကုန်၏ ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။ ဣန္ဒြေခြောက်ပါးတို့သည် အချို့ သုခဝေဒနာနှင့် ယှဉ်ကုန်၏၊ အချို့ ဒုက္ခလည်း မဟုတ်, သုခလည်း မဟုတ်သော ဝေဒနာနှင့် ယှဉ်ကုန်၏။ ဣန္ဒြေသုံးပါးတို့သည် အချို့ သုခဝေဒနာနှင့် ယှဉ်ကုန်၏၊ အချို့ ဒုက္ခဝေဒနာနှင့် ယှဉ်ကုန်၏၊ အချို့ ဒုက္ခလည်း မဟုတ်, သုခလည်း မဟုတ်သော ဝေဒနာနှင့် ယှဉ်ကုန်၏။ ဇီဝိတိန္ဒြေသည် အချို့ သုခဝေဒနာနှင့် ယှဉ်၏၊ အချို့ ဒုက္ခဝေဒနာနှင့် ယှဉ်၏၊ အချို့ ဒုက္ခလည်း မဟုတ်, သုခလည်း မဟုတ်သော ဝေဒနာနှင့်ယှဉ်၏။ (ရုပ်ဇီဝိတိန္ဒြေကို) အချို့ သုခဝေဒနာနှင့်ယှဉ်၏ဟူ၍လည်းကောင်း၊ ဒုက္ခဝေဒနာနှင့် ယှဉ်၏ ဟူ၍ လည်း ကောင်း၊ ဒုက္ခလည်းမဟုတ်, သုခလည်းမဟုတ်သော ဝေဒနာနှင့် ယှဉ်၏ဟူ၍လည်းကောင်း မဆိုအပ်။

## (၆) ဟိတ်တရား

ဒေါသအကုသိုလ်ဟိတ်သည် ဒုက္ခဝေဒနာနှင့်ယှဉ်၏၊ (ကြွင်း) ဟိတ်ခုနစ်ပါးတို့သည် အချို့ သုခဝေဒနာနှင့် ယှဉ်ကုန်၏၊ အချို့ ဒုက္ခလည်းမဟုတ်, သုခလည်းမဟုတ်သော ဝေဒနာနှင့် ယှဉ်ကုန်၏။ မောဟ အကုသိုလ်ဟိတ်သည် အချို့ သုခဝေဒနာနှင့် ယှဉ်၏၊ အချို့ ဒုက္ခဝေဒနာနှင့် ယှဉ်၏၊ အချို့ ဒုက္ခလည်း မဟုတ်, သုခလည်း မဟုတ်သော ဝေဒနာနှင့် ယှဉ်၏။

## (၇) အာဟာရတရား

အလုတ်အလွေးပြုအပ်သော 'ကဗဠီကာရ' အာဟာရကို သုခဝေဒနာနှင့် ယှဉ်၏ဟူ၍လည်းကောင်း၊ ဒုက္ခဝေဒနာနှင့် ယှဉ်၏ဟူ၍လည်းကောင်း၊ ဒုက္ခလည်းမဟုတ်, သုခလည်းမဟုတ်သော ဝေဒနာနှင့် ယှဉ်၏ ဟူ၍ လည်းကောင်း မဆိုအပ်။ (ကြွင်း) အာဟာရသုံးပါးတို့သည် အချို့ သုခဝေဒနာနှင့် ယှဉ်ကုန်၏၊ အချို့ ဒုက္ခဝေဒနာနှင့် ယှဉ်ကုန်၏၊ အချို့ ဒုက္ခလည်းမဟုတ်, သုခလည်းမဟုတ်သော ဝေဒနာနှင့် ယှဉ်ကုန်၏။

## (၈) ဖဿတရား

တွေ့ထိမှု 'ဖဿ' ငါးပါးတို့သည် ဒုက္ခလည်း မဟုတ်, သုခလည်း မဟုတ်သော ဝေဒနာနှင့် ယှဉ်ကုန်၏၊ ကာယဝိညာဏဓာတ်အတွေ့သည် အချို့ သုခဝေဒနာနှင့် ယှဉ်၏၊ အချို့ ဒုက္ခဝေဒနာနှင့် ယှဉ်၏။ မနောဝိညာဏဓာတ်အတွေ့သည် အချို့ သုခဝေဒနာနှင့် ယှဉ်၏၊ အချို့ ဒုက္ခဝေဒနာနှင့် ယှဉ်၏၊ အချို့ဒုက္ခလည်းမဟုတ် သုခလည်း မဟုတ်သော ဝေဒနာနှင့် ယှဉ်၏။

## (၉-၁၂) ဝေဒနာ စသော တရားများ

ခံစားမှု 'ဝေဒနာ' ခုနစ်ပါးတို့ကို သုခဝေဒနာနှင့် ယှဉ်ကုန်၏ဟူ၍လည်းကောင်း၊ ဒုက္ခဝေဒနာနှင့် ယှဉ်ကုန်၏ ဟူ၍ လည်းကောင်း၊ ဒုက္ခလည်းမဟုတ်, သုခလည်း မဟုတ်သော ဝေဒနာနှင့် ယှဉ်ကုန်၏ ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။ သိမှတ်မှု 'သညာ' ငါးပါး၊ စေ့ဆော်မှု 'စေတနာ' ငါးပါး၊ စိတ်ငါးပါး တို့သည် ဒုက္ခလည်း မဟုတ်, သုခလည်း မဟုတ်သော ဝေဒနာနှင့် ယှဉ်ကုန်၏၊ ကာယဝိညာဏဓာတ် သည် အချို့သုခဝေဒနာနှင့် ယှဉ်၏၊ အချို့ ဒုက္ခဝေဒနာနှင့် ယှဉ်၏၊ မနောဝိညာဏဓာတ်သည် အချို့ သုခဝေဒနာနှင့်ယှဉ်၏၊ အချို့ ဒုက္ခဝေဒနာနှင့် ယှဉ်၏၊ အချို့ ဒုက္ခလည်းမဟုတ်, သုခလည်း မဟုတ်သော ဝေဒနာနှင့်ယှဉ်၏။

------

# ဓမ္မဟဒယဝိဘင်္ဂ

## ၃ - ဝိပါကတိက်

### အမေးပုစ္ဆာ

၁၀၄၀။ ခန္ဓာငါးပါးတို့တွင် ကုသိုလ် အကုသိုလ်တို့၏ အကျိုးခန္ဓာတို့သည် အဘယ်မျှ ရှိကုန်သနည်း။

အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားဟူသော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။ ကုသိုလ်အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားလည်း မဟုတ်သော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။ပ။ စိတ်ခုနစ်ပါးတို့တွင် ကုသိုလ် အကုသိုလ်တို့၏ အကျိုးစိတ်တို့သည် အဘယ်မျှ ရှိကုန်သနည်း၊ အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရား ဟူသော စိတ်တို့သည် အဘယ်မျှ ရှိကုန်သနည်း။ ကုသိုလ်အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကို ဖြစ်စေခြင်း သဘောရှိသော တရားလည်း မဟုတ်သော စိတ်တို့သည် အဘယ်မျှရှိကုန်သနည်း။

### အဖြေဝိသဇ္ဇနာ

## (၁) ခန္ဓာတရား

ရူပက္ခန္ဓာသည် ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကို ဖြစ်စေခြင်း သဘောရှိသော တရားလည်း မဟုတ်။ (ကြွင်း) ခန္ဓာလေးပါးတို့သည် အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုး ဖြစ်ကုန်၏၊ အချို့ အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားဖြစ်ကုန်၏၊ အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားလည်း မဟုတ်ကုန်။

## (၂) အာယတနတရား

အာယတနဆယ်ပါးတို့သည် ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကို ဖြစ်စေခြင်း သဘောရှိသော တရားလည်း မဟုတ်ကုန်။ အာယတနနှစ်ပါးတို့သည် အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုး ဖြစ်ကုန်၏၊ အချို့ အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရား ဖြစ်ကုန်၏၊ အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားလည်း မဟုတ်ကုန်။

## (၃) ဓာတ်တရား

ဓာတ်ဆယ်ပါးတို့သည် ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကို ဖြစ်စေခြင်း သဘောရှိသော တရားလည်း မဟုတ်ကုန်။ ဓာတ်ငါးပါးတို့သည် ကုသိုလ် အကုသိုလ်တို့၏ အကျိုး ဖြစ်ကုန်၏။ မနောဓာတ်သည် အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်၏၊ အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားလည်း မဟုတ်။ ဓာတ်နှစ်ပါးတို့သည် အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်ကုန်၏၊ အချို့ အကျိုးကို ဖြစ်စေခြင်း သဘောရှိသော တရားဖြစ်ကုန်၏၊ အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကိုဖြစ်စေခြင်းသဘောတရားလည်း မဟုတ်ကုန်။

## (၄) သစ္စာတရား

သစ္စာနှစ်ပါးတို့သည် အကျိုးကို ဖြစ်စေခြင်းသဘောတရား ဖြစ်ကုန်၏၊ နိရောဓသစ္စာသည် ကုသိုလ်အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားလည်း မဟုတ်။ ဒုက္ခသစ္စာသည် အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်၏၊ အချို့ အကျိုးကို ဖြစ်စေခြင်း သဘောရှိသော တရား ဖြစ်၏၊ အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကို ဖြစ်စေခြင်း သဘော ရှိသော တရားလည်း မဟုတ်။

## (၅) ဣန္ဒြေတရား

ဣန္ဒြေခုနစ်ပါးတို့သည် ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကို ဖြစ်စေခြင်း သဘောရှိသော တရားလည်း မဟုတ်ကုန်။ ဣန္ဒြေသုံးပါးတို့သည် ကုသိုလ် အကုသိုလ်တို့၏ အကျိုး ဖြစ်ကုန်၏၊ ဣန္ဒြေနှစ်ပါးတို့သည် အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားဖြစ်ကုန်၏။ အညိန္ဒြေ သည် အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်၏၊ အချို့ အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားဖြစ်၏။ (ကြွင်း) ဣန္ဒြေ ကိုးပါးတို့သည် အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်ကုန်၏၊ အချို့ အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရား ဖြစ်ကုန်၏၊ အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားလည်း မဟုတ်ကုန်။

## (၆) ဟိတ်တရား

အကြောင်း 'ဟိတ်' ခြောက်ပါးတို့သည် အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရား ဖြစ်ကုန်၏။ အဗျာကတဟိတ်သုံးပါးတို့သည် အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်ကုန်၏။ အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်, အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားလည်း မဟုတ်ကုန်။

## (၇) အာဟာရတရား

အလုတ်အလွေးပြုအပ်သော 'ကဗဠီကာရ' အာဟာရသည် ကုသိုလ်အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်၊ အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားလည်း မဟုတ်။ (ကြွင်း) အာဟာရသုံးပါး တို့သည် အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်ကုန်၏၊ အချို့ အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရား ဖြစ်ကုန်၏၊ အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်းမဟုတ်၊ အကျိုးကို ဖြစ်စေခြင်း သဘော ရှိသော တရားလည်း မဟုတ်ကုန်။

## (၈) ဖဿတရား

တွေ့ထိမှု 'ဖဿ' ငါးပါးတို့သည် ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်ကုန်၏။ မနောဓာတ် အတွေ့'ဖဿ'သည် အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်၏၊ အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်၊ အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရားလည်း မဟုတ်။ မနောဝိညာဏဓာတ် အတွေ့ 'ဖဿ' သည် အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်၏၊ အချို့ အကျိုးကို ဖြစ်စေခြင်း သဘောရှိသောတရား ဖြစ်၏။ အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်၊ အကျိုးကို ဖြစ်စေခြင်း သဘောရှိသော တရားလည်း မဟုတ်ကုန်။

## (၉-၁၂) ဝေဒနာစသော တရားများ

ခံစားမှု 'ဝေဒနာ' ငါးပါး၊ မှတ်သားမှု 'သညာ' ငါးပါး၊ စေ့ဆော်မှု 'စေတနာ' ငါးပါး၊ စိတ်ငါးပါး တို့သည်ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်ကုန်၏။ မနောဓာတ်သည် အချို့ ကုသိုလ် အကုသိုလ် တို့၏အကျိုးဖြစ်၏၊ အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်၊ အကျိုးကို ဖြစ်စေခြင်း သဘောရှိသော တရားလည်း မဟုတ်။ မနောဝိညာဏဓာတ်သည် အချို့ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်၏၊ အချို့ အကျိုးကို ဖြစ်စေခြင်းသဘောရှိသော တရား ဖြစ်၏။ အချို့ ကုသိုလ် အကုသိုလ် တို့၏ အကျိုးလည်း မဟုတ်၊ အကျိုးကို ဖြစ်စေခြင်းသဘော ရှိသော တရားလည်း မဟုတ်။

------

# ဓမ္မဟာဒယပိဘာင်

## ၄ - ဥပါဒိန္နတိက်

### အမေးပုစ္ဆာ

၁၀၄၁။ ခန္ဓာငါးပါးတို့တွင် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်, ဥပါဒါန်၏ အာရုံလည်းဖြစ်သော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏ အာရုံသာဖြစ်သော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်, ဥပါဒါန်၏ အာရုံလည်း မဟုတ်သော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။ပ။ စိတ်ခုနစ်ပါး တို့တွင်တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်, ဥပါဒါန်၏ အာရုံလည်းဖြစ်သော စိတ်တို့သည် အဘယ်မျှရှိကုန်သနည်း။ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏ အာရုံသာ ဖြစ်သော စိတ်တို့သည် အဘယ်မျှ ရှိကုန်သနည်း။ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်လည်း မယူအပ်, ဥပါဒါန် ၏ အာရုံလည်း မဖြစ်သော စိတ်တို့သည် အဘယ်မျှရှိကုန်သနည်း။

### အဖြေဝိသဇ္ဇနာ

### (၁) ခန္ဓာတရား

ရူပက္ခန္ဓာသည် အချို့တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်၊ ဥပါဒါန်၏ အာရုံလည်း ဖြစ်၏။ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်၊ ဥပါဒါန်၏ အာရုံသာ ဖြစ်၏။ (ကြွင်း) ခန္ဓာလေးပါးတို့သည် အချို့ တဏှာဒိဋ္ဌိ တို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်၊ ဥပါဒါန်၏အာရုံလည်း ဖြစ်ကုန်၏။ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်၊ ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏။ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့်လည်း မယူအပ်၊ ဥပါဒါန်၏အာရုံလည်း မဟုတ်ကုန်။

### (၂) အာယတနတရား

အာယတနငါးပါးတို့သည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်, ဥပါဒါန်၏အာရုံလည်း ဖြစ်ကုန်၏။ သဒ္ဒါယတနသည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏ အာရုံသာ ဖြစ်၏။ အာယတနလေးပါးတို့သည် အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်, ဥပါဒါန်၏ အာရုံလည်း ဖြစ်ကုန်၏။ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်၊ ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏။ အာယတနနှစ်ပါးတို့သည် အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်, ဥပါဒါန်၏အာရုံလည်း ဖြစ်ကုန်၏။ အချို့ တဏှာဒိဋ္ဌိ တို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏အာရုံသာ ဖြစ်ကုန်၏။ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်, ဥပါဒါန်၏ အာရုံလည်း မဟုတ်ကုန်။

## (၃) ဓာတ်တရား

ဓာတ်ဆယ်ပါးတို့သည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်, ဥပါဒါန်၏အာရုံလည်း ဖြစ်ကုန်၏။ သဒ္ဒဓာတ်သည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏ အာရုံသာ ဖြစ်၏။ ဓာတ်ငါးပါးတို့သည် အချို့ တဏှာ ဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်, ဥပါဒါန်၏အာရုံလည်း ဖြစ်ကုန်၏။ အချို့တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏ အာရုံသာဖြစ်ကုန်၏။ ဓာတ်နှစ်ပါးတို့သည် အချို့ တဏှာ ဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့်လည်း ယူအပ်, ဥပါဒါန်၏ အာရုံလည်း ဖြစ်ကုန်၏။ အချို့ တဏှာဒိဋ္ဌိ တို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏။ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်, ဥပါဒါန်၏ အာရုံလည်း မဟုတ်ကုန်။

## (၄) သစ္စာတရား

သမုဒယသစ္စာသည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏ အာရုံသာ ဖြစ်၏။ သစ္စာနှစ်ပါးတို့သည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်, ဥပါဒါန်၏ အာရုံလည်း မဟုတ်ကုန်။ ဒုက္ခသစ္စာသည် အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်, ဥပါဒါန်၏ အာရုံလည်း ဖြစ်၏၊ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏ အာရုံသာ ဖြစ်၏။

## (၅) ဣန္ဒြေတရား

ဣန္ဒြေကိုးပါးတို့သည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်, ဥပါဒါန်၏ အာရုံလည်း ဖြစ်ကုန်၏။ ဒေါမနဿိန္ဒြေသည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံ သည်အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏အာရုံသာ ဖြစ်၏။ ဣန္ဒြေသုံးပါးတို့သည် တဏှာဒိဋ္ဌိ တို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်, ဥပါဒါန်၏အာရုံလည်း မဟုတ်ကုန်။ ဣန္ဒြေကိုးပါးတို့သည် အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ် ဖြင့်လည်း ယူအပ်, ဥပါဒါန်၏အာရုံလည်း ဖြစ်ကုန်၏၊ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏၊ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်, ဥပါဒါန်၏ အာရုံလည်း မဟုတ်ကုန်။

## (၆) ဟိတ်တရား

အကုသိုလ်ဟိတ် သုံးပါးတို့သည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ကားမယူအပ်, ဥပါဒါန်၏အာရုံသာ ဖြစ်ကုန်၏။ ကုသိုလ်ဟိတ်သုံးပါးတို့သည် အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏၊ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်, ဥပါဒါန်၏ အာရုံလည်း မဟုတ်ကုန်။ အဗျာကတဟိတ် သုံးပါးတို့သည် အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည်အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်, ဥပါဒါန်၏ အာရုံလည်း ဖြစ်ကုန်၏၊ အချို့ တဏှာဒိဋ္ဌိတို့သည်ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏အာရုံသာ ဖြစ်ကုန်၏၊ အချို့တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်, ဥပါဒါန်၏ အာရုံလည်း မဟုတ်ကုန်။

## (၇) အာဟာရတရား

အလုတ်အလွေးပြုအပ်သော 'ကဗဠီကာရ' အာဟာရသည် အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်, ဥပါဒါန်၏အာရုံလည်း ဖြစ်၏။ အချို့ တဏှာဒိဋ္ဌိတို့သည်ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏ အာရုံသာ ဖြစ်၏။ (ကြွင်း) အာဟာရသုံးပါးတို့သည် အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်းယူအပ်, ဥပါဒါန်၏ အာရုံလည်း ဖြစ်ကုန်၏၊ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏၊ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်လည်း မယူအပ်, ဥပါဒါန်၏ အာရုံလည်း မဟုတ်ကုန်။

## (၈) ဖဿတရား

တွေ့ထိမှု 'ဖဿ'ငါးပါးတို့သည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်, ဥပါဒါန်၏ အာရုံလည်း ဖြစ်ကုန်၏။ မနောဓာတ်အတွေ့'ဖဿ'သည် အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်, ဥပါဒါန်၏ အာရုံလည်း ဖြစ်၏၊ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏ အာရုံသာ ဖြစ်၏။ မနောဝိညာဏ ဓာတ်အတွေ့ 'ဖဿ' သည် အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်, ဥပါဒါန်၏အာရုံလည်း ဖြစ်၏၊ အချို့ တဏှာဒိဋ္ဌိတို့သည်ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏ အာရုံသာ ဖြစ်၏၊ အချို့တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်, ဥပါဒါန်၏ အာရုံလည်းမဟုတ်။

## (၉-၁၂) ဝေဒနာ စသော တရားများ

ခံစားမှု 'ဝေဒနာ' ငါးပါး၊ သိမှတ်မှု 'သညာ' ငါးပါး၊ စေ့ဆော်မှု 'စေတနာ' ငါးပါး၊ စိတ်ငါးပါး တို့သည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်, ဥပါဒါန်၏ အာရုံလည်းဖြစ်ကုန်၏။ မနောဓာတ်သည် အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့်လည်း ယူအပ်, ဥပါဒါန်၏အာရုံလည်း ဖြစ်၏။ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏အာရုံသာ ဖြစ်၏။ မနာဝိညာဏဓာတ်သည် အချို့တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း ယူအပ်, ဥပါဒါန်၏ အာရုံလည်းဖြစ်၏၊ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်, ဥပါဒါန်၏အာရုံသာ ဖြစ်၏။ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့်လည်းမယူအပ်, ဥပါဒါန်၏ အာရုံလည်း မဟုတ်။

------

# ဓမ္မဟာဒယဝိဘင်္ဂ

## ၅ - ဝိတက္ကတိက်

### အမေးပုစ္ဆာ

၁၀၄၂။ ခန္ဓာငါးပါးတို့တွင် ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိသော ခန္ဓာတို့သည် အဘယ်မျှ ရှိကုန်သနည်း၊ ဝိတက်ကား မရှိ ဝိစာရမျှသာရှိသော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း၊ ဝိတက် လည်း မရှိဝိစာရလည်း မရှိသော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။ပ။ စိတ်ခုနစ်ပါးတို့တွင် ဝိတက်လည်း ရှိဝိစာရလည်း ရှိသော စိတ်တို့သည် အဘယ်မျှရှိကုန်သနည်း၊ ဝိတက်ကား မရှိ ဝိစာရမျှသာရှိသောစိတ်တို့သည် အဘယ်မျှရှိသနည်း၊ ဝိတက်လည်း မရှိ ဝိစာရလည်း မရှိသော စိတ်တို့သည် အဘယ်မျှရှိကုန်သနည်း။

### အဖြေဝိသဇ္ဇနာ

### (၁) ခန္ဓာတရား

ရူပက္ခန္ဓာသည် ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိ။ ခန္ဓာသုံးပါးတို့သည် အချို့ ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိကုန်၏၊ အချို့ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိကုန်၏၊ အချို့ ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိကုန်။ သင်္ခါရက္ခန္ဓာသည် အချို့ ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိ၏၊ အချို့ ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိ၏။ အချို့ ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိ၊ အချို့ ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိ၏ ဟူ၍ လည်းကောင်း၊ ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိ၏ဟူ၍လည်းကောင်း၊ ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိဟူ၍လည်းကောင်း မဆိုအပ်။

### (၂) အာယတနတရား

အာယတနဆယ်ပါးတို့သည် ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိကုန်။ မနာယတနသည် အချို့ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိ၏၊ အချို့ ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိ၏၊ အချို့ ဝိတက်လည်းမရှိ, ဝိစာရလည်း မရှိ။ ဓမ္မာယတနသည် အချို့ ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိ၏၊ အချို့ ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိ၏၊ အချို့ ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိ။ အချို့သော ဓမ္မာယတနကိုဝိတက်လည်း ရှိ, ဝိစာရလည်း ရှိ၏ဟူ၍လည်းကောင်း၊ ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိ၏ဟူ၍လည်းကောင်း၊ ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိဟူ၍လည်းကောင်း မဆိုအပ်။

### (၃) ဓာတ်တရား

ဓာတ်တစ်ဆယ့်ငါးပါးတို့သည် ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိကုန်၊ မနောဓာတ်သည် ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိ၏။ မနောဝိညာဏဓာတ်သည် အချို့ ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိ၏၊ အချို့ ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိ၏၊ အချို့ ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိ။ ဓမ္မဓာတ် သည် အချို့ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိ၏၊ အချို့ ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိ၏၊ အချို့ ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိ။ အချို့သော ဓမ္မဓာတ်ကို ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိ၏ ဟူ၍ လည်းကောင်း၊ ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိ၏ဟူ၍လည်းကောင်း၊ ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိ ဟူ၍ လည်းကောင်း မဆိုအပ်။

## (၄) သစ္စာတရား

သမုဒယသစ္စာသည် ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိ၏။ နိရောဓသစ္စာသည် ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိ။ မဂ္ဂသစ္စာသည် အချို့ ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိ၏၊ အချို့ ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိ၏၊ အချို့ ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိ။ ဒုက္ခသစ္စာသည် အချို့ ဝိတက်လည်းရှိ, ဝိစာရလည်း ရှိ၏၊ အချို့ ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိ၏။ အချို့ ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိ။ အချို့သော ဒုက္ခသစ္စာကို ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိ၏ဟူ၍လည်းကောင်း၊ ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိ၏ဟူ၍လည်းကောင်း၊ ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိဟူ၍လည်းကောင်း မဆိုအပ်။

## (၅) ဣန္ဒြေတရား

ဣန္ဒြေကိုးပါးတို့သည် ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိကုန်။ ဒေါမနဿိန္ဒြေသည် ဝိတက်လည်းရှိ, ဝိစာရလည်း ရှိ၏။ ဥပေက္ခိန္ဒြေသည် အချို့ ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိ၏၊ အချို့ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိ၊ (ကြွင်း) ဣန္ဒြေတစ်ဆယ့်တစ်ပါးတို့သည် အချို့ ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိကုန်၏။ အချို့ ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိကုန်၏၊ အချို့ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိကုန်။

## (၆) ဟိတ်တရား

အကုသိုလ်ဟိတ်သုံးပါးတို့သည် ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိကုန်၏၊ (ကြွင်း) ဟိတ်ခြောက်ပါးတို့သည် အချို့ ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိကုန်၏။ အချို့ ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိကုန်၏၊ အချို့ ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိကုန်။

## (၇) အာဟာရတရား

အလုတ်အလွေးပြုအပ်သော 'ကဗဠီကာရ' အာဟာရသည် ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိ။ (ကြွင်း) အာဟာရသုံးပါးတို့သည် အချို့ ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိကုန်၏၊ အချို့ ဝိတက်ကားမရှိ, ဝိစာရမျှသာ ရှိကုန်၏၊ အချို့ ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိကုန်။

## (၈) ဖဿတရား

တွေ့ထိမှု 'ဖဿ' ငါးပါးတို့သည် ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိကုန်။ မနောဓာတ် အတွေ့'ဖဿ'သည် ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိ၏။ မနောဝိညာဏဓာတ်အတွေ့ 'ဖဿ' သည် အချို့ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိ၏၊ အချို့ ဝိတက်ကား မရှိ, ဝိစာရမျှသာ ရှိ၏၊ အချို့ ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိ။

## (၉-၁၂) ဝေဒနာစသော တရားများ

ခံစားမှု 'ဝေဒနာ' ငါးပါး၊ သိမှတ်မှု 'သညာ' ငါးပါး၊ စေ့ဆော်မှု 'စေတနာ' ငါးပါး၊ စိတ်ငါးပါး တို့သည် ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိကုန်။ မနောဓာတ်သည် ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိ၏။ မနောဝိညာဏဓာတ်သည် အချို့ ဝိတက်လည်း ရှိ, ဝိစာရလည်း ရှိ၏၊ အချို့ ဝိတက်ကား မရှိ, ဝိစာရ မျှသာ ရှိ၏၊ အချို့ ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိ။

------

# ဓမ္မဟာဒယဝိဘင်္ဂ

## ၁ - ရူပဒုက်

### အမေးပုစ္ဆာ

၁၀၄၃။ ခန္ဓာငါးပါးတို့တွင် ရုပ်ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း၊ ရုပ်မဟုတ်သော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။ပ။ စိတ်ခုနစ်ပါးတို့တွင် ရုပ်တရားတို့သည် အဘယ်မျှရှိကုန်သနည်း၊ ရုပ်မဟုတ်သော တရားတို့သည် အဘယ်မျှရှိကုန်သနည်း။

### အဖြေဝိသဇ္ဇနာ

## (၁) ခန္ဓာတရား

ရူပက္ခန္ဓာသည် ရုပ်ဖြစ်၏။ (ကြွင်း) ခန္ဓာလေးပါးတို့သည် ရုပ်မဟုတ်ကုန်။

## (၂) အာယတနတရား

အာယတန ဆယ်ပါးတို့သည် ရုပ်ဖြစ်ကုန်၏။ မနာယတနသည် ရုပ်မဟုတ်။ ဓမ္မာယတနသည် အချို့ ရုပ်ဖြစ်၏၊ အချို့ ရုပ်မဟုတ်။

## (၃) ဓာတ်တရား

ဓာတ်ဆယ်ပါးတို့သည် ရုပ်ဖြစ်ကုန်၏။ ဓာတ်ခုနစ်ပါးတို့သည် ရုပ်မဟုတ်ကုန်။ ဓမ္မဓာတ်သည် အချို့ ရုပ်ဖြစ်၏၊ အချို့ ရုပ်မဟုတ်။

## (၄) သစ္စာတရား

သစ္စာသုံးပါးတို့သည် ရုပ်မဟုတ်ကုန်။ ဒုက္ခသစ္စာသည် အချို့ ရုပ်ဖြစ်၏၊ အချို့ ရုပ်မဟုတ်။

## (၅) ဣန္ဒြေတရား

ဣန္ဒြေခုနစ်ပါးတို့သည် ရုပ်ဖြစ်ကုန်၏။ ဣန္ဒြေတစ်ဆယ့်လေးပါးတို့သည် ရုပ်မဟုတ်ကုန်။ ဇီဝိတိန္ဒြေသည် အချို့ ရုပ်ဖြစ်၏၊ အချို့ ရုပ်မဟုတ်။

## (၆) ဟိတ်တရား

အကြောင်း 'ဟိတ်'ကိုးပါးတို့သည် ရုပ်မဟုတ်ကုန်။

## (၇) အာဟာရတရား

အလုတ်အလွေးပြုအပ်သော အာဟာရသည် ရုပ်ဖြစ်၏။ (ကြွင်း) အာဟာရသုံးပါးတို့သည် ရုပ်မဟုတ်ကုန်။

## (၈) ဖဿတရား

တွေ့ထိမှု 'ဖဿ' ခုနစ်ပါးတို့သည် ရုပ်မဟုတ်ကုန်။

## (၉-၁၂) ဝေဒနာ စသော တရားများ

ခံစားမှု 'ဝေဒနာ' ခုနစ်ပါး၊ သိမှတ်မှု 'သညာ' ခုနစ်ပါး၊ စေ့ဆော်မှု 'စေတနာ'ခုနစ်ပါး၊ စိတ်ခုနစ်ပါး တို့သည် ရုပ်မဟုတ်ကုန်။

------

# ဓမ္မဟာဒယဝိဘင်္ဂ

## ၂ - လောကီယဒုက်

### အမေးပုစ္ဆာ

၁၀၄၄။ ခန္ဓာငါးပါးတို့တွင် လောက၌ အကျုံးဝင်သော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း၊ လောကမှ ထွက်မြောက်ကြောင်းဖြစ်သော ခန္ဓာတို့သည် အဘယ်မျှရှိကုန်သနည်း။

အာယတနတစ်ဆယ့်နှစ်ပါးတို့တွင် လောက၌ အကျုံးဝင်သော အာယတနတို့သည် အဘယ်မျှ ရှိကုန်သနည်း၊ လောကမှ ထွက်မြောက်ကြောင်းဖြစ်သော အာယတနတို့သည် အဘယ်မျှရှိကုန်သနည်း။

ဓာတ်တစ်ဆယ့်ရှစ်ပါးတို့တွင် လောက၌ အကျုံးဝင်သော ဓာတ်တို့သည် အဘယ်မျှရှိကုန်သနည်း၊ လောကမှ ထွက်မြောက်ကြောင်းဖြစ်သော ဓာတ်တို့သည် အဘယ်မျှရှိကုန်သနည်း။

သစ္စာလေးပါးတို့တွင် လောက၌ အကျုံးဝင်သော သစ္စာတို့သည် အဘယ်မျှ ရှိကုန်သနည်း၊ လောကမှ ထွက်မြောက်ကြောင်းဖြစ်သော သစ္စာတို့သည် အဘယ်မျှရှိကုန်သနည်း။ပ။

စိတ်ခုနစ်ပါးတို့တွင် လောက၌ အကျုံးဝင်သော စိတ်တို့သည် အဘယ်မျှရှိကုန်သနည်း၊ လောကမှ ထွက်မြောက်ကြောင်းဖြစ်သော စိတ်တို့သည် အဘယ်မျှရှိကုန်သနည်း။

### အဖြေဝိသဇ္ဇနာ

## (၁) ခန္ဓာတရား

ရူပက္ခန္ဓာသည် လောက၌ အကျုံးဝင်၏။ (ကြွင်း) ခန္ဓာလေးပါးတို့သည် အချို့ လောက၌ အကျုံးဝင်ကုန်၏၊ အချို့ လောကမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်၏။

## (၂) အာယတနတရား

အာယတန ဆယ်ပါးတို့သည် လောက၌ အကျုံးဝင်ကုန်၏။ အာယတန နှစ်ပါးတို့သည် အချို့ လောက၌ အကျုံးဝင်ကုန်၏၊ အချို့ လောကမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်၏။

## (၃) ဓာတ်တရား

ဓာတ်တစ်ဆယ့်ခြောက်ပါးတို့သည် လောက၌ အကျုံးဝင်ကုန်၏။ ဓာတ်နှစ်ပါးတို့သည် အချို့ လောက၌ အကျုံးဝင်ကုန်၏၊ အချို့ လောကမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်၏။

## (၄) သစ္စာတရား

သစ္စာနှစ်ပါးတို့သည် လောက၌ အကျုံးဝင်ကုန်၏။ သစ္စာနှစ်ပါးတို့သည် လောကမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်၏။

## (၅) ဣန္ဒြေတရား

ဣန္ဒြေဆယ်ပါးတို့သည် လောက၌ အကျုံးဝင်ကုန်၏။ ဣန္ဒြေသုံးပါးတို့သည် လောကမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်၏။ ဣန္ဒြေကိုးပါးတို့သည် အချို့ လောက၌ အကျုံးဝင်ကုန်၏၊ အချို့ လောကမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်၏။

## (၆) ဟိတ်တရား

အကုသိုလ်ဟိတ် သုံးပါးတို့သည် လောက၌ အကျုံးဝင်ကုန်၏။ (ကြွင်း) ဟိတ်ခြောက်ပါး တို့သည် အချို့လောက၌ အကျုံးဝင်ကုန်၏၊ အချို့ လောကမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်၏။

## (၇) အာဟာရတရား

အလုတ်အလွေးပြုအပ်သော 'ကဗဠီကာရ' အာဟာရသည် လောက၌ အကျုံးဝင်၏။ (ကြွင်း) အာဟာရ သုံးပါးတို့သည် အချို့ လောက၌ အကျုံးဝင်ကုန်၏၊ အချို့ လောကမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်၏။

## (၈) ဖဿတရား

တွေ့ထိမှု 'ဖဿ' ခြောက်ပါးတို့သည် လောက၌ အကျုံးဝင်ကုန်၏။ မနောဝိညာဏဓာတ်အတွေ့ 'ဖဿ'သည် အချို့ လောက၌ အကျုံးဝင်၏၊ အချို့ လောကမှ ထွက်မြောက်ကြောင်း ဖြစ်၏။

## (၉) ဝေဒနာတရား

ခံစားမှု 'ဝေဒနာ' ခြောက်ပါးတို့သည် လောက၌ အကျုံးဝင်ကုန်၏။ မနောဝိညာဏဓာတ် အတွေ့ ကြောင့် ဖြစ်သော ခံစားမှု 'ဝေဒနာ'သည် အချို့ လောက၌ အကျုံးဝင်၏၊ အချို့ လောကမှ ထွက်မြောက် ကြောင်း ဖြစ်၏။

## (၁၀) သညာတရား

သိမှတ်မှု 'သညာ' ခြောက်ပါးတို့သည် လောက၌ အကျုံးဝင်ကုန်၏။ မနောဝိညာဏဓာတ် အတွေ့ကြောင့် ဖြစ်သော သိမှတ်မှု 'သညာ'သည် အချို့ လောက၌ အကျုံးဝင်၏၊ အချို့ လောကမှ ထွက်မြောက်ကြောင်း ဖြစ်၏။

## (၁၁) စေတနာတရား

စေ့ဆော်မှု 'စေတနာ'ခြောက်ပါးတို့သည် လောက၌ အကျုံးဝင်ကုန်၏။ မနောဝိညာဏဓာတ် အတွေ့ကြောင့် ဖြစ်သော စေ့ဆော်မှု 'စေတနာ' သည် အချို့ လောက၌ အကျုံးဝင်၏၊ အချို့ လောကမှ ထွက်မြောက်ကြောင်း ဖြစ်၏။

## (၁၂) စိတ်တရား

စိတ်ခြောက်ပါးတို့သည် လောက၌ အကျုံးဝင်ကုန်၏။ မနောဝိညာဏဓာတ်သည် အချို့ လောက၌ အကျုံးဝင်၏၊ အချို့ လောကမှ ထွက်မြောက်ကြောင်းဖြစ်၏။ ဤသို့ ဖြေဆိုအပ်၏။

အဘိညေယျာဒိဝါရ၊ သာရမ္မဏ အနာရမ္မဏဝါရ နှစ်ပါး၊ ဒိဋ္ဌသုတာဒိဒဿနဝါရ၊ ကုသလတိက် ဝေဒနာတိက် ဝိပါကတိက် ဥပါဒိန္နတိက် ဝိတက်တိက် ရူပဒုက် လောကိယဒုက်၊ ဤသည်တို့ကား ထိုဆိုအပ်ပြီး သည်တို့၏ အကျဉ်းချုပ်မာတိကာတို့တည်း။

# တရားနှလုံးတို့ကို ဝေဖန်၍ပြသော ဓမ္မဟဒယဝိဘင်း ပြီးပြီ။

**ဝိဘင်းပါဠိတော် မြန်မာပြန် (ဒုတိယတွဲ) ပြီးပြီ။**

------

# ဝိဘင်းပါဠိတော် မြန်မာပြန် ပြီးပြီ။